www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

# ဗလာမပါ ချစ်ကာံစမ်းမဲ့

စီစဉ်သူ - ဦးအောင်စိုး (မုဒ္ဒံ)

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၃၂၂၀၃၁၁
အဖုံးခွင့်ပြုချက်အမှတ် –
ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ဩဘာလမ်း၊ တာမွေမြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၁၁၊ မေလ။
အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၀၀၀ ကျပ်
ဖြန့်ချိရေး – ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၇၅-ဘီ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၇၃၀၅၁၆၆၄

၈၉၅.၈၃
ထူးမြတ်ကြယ်
ဗလာမပါ ချစ်ကာံစမ်းမဲ့ / ထူးမြတ်ကြယ် ။ - ရန်ကုန်၊
သိန်းမင်းစာပေ ၊ ၂၀၁၁ ။
၁၄၀ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) ဗလာမပါ ချစ်ကာံစမ်းမဲ့

www.burmeseclassic.com

www.burmeseclassic.com

ထူးမြတ်ကြယ်

# ဗလာမပါ ချစ်ကံစမ်းမဲ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဥစ္စာဓနသည် တန်ခိုးအာဏာ၏သင်္ကေတ။

ထို့ကြောင့် ...

လုံးဝ ပြီးပြည့်စုံမှုကိုရောက်ရန်အတွက်

အမြဲလှုပ်ရှားစီးဆင်းနေရသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

# { ၁ }

“မင်းကိုလေ ...စင်ရော်လို့မခေါ်ဘဲ လင်းတလို့ခေါ်ဖို့ပဲ ကောင်းတယ်”

စိတ်ညစ်ရတဲ့ကြားထဲ ထွန်းဆင့်အသံက တစ်မနက်ခင်းလုံး ဆီမထည့်ဘဲ မောင်းနေတဲ့လှည်းအိုကြီးလို တအီအီမြည်နေတယ်။

အင်းလေ ... မြည်ဆို စင်ရော်ကလည်း တစ်မနက်ခင်းလုံး လင်းတကြီးလိုမှိုင်နေတာကိုး။ မှိုင်တာလည်းမပြောနဲ့။ ညက မန္တလေးသားတွေစုတဲ့ဝိုင်းမှာ သူ့ တစ်ပုံးခွဲလောက်ထိသွားတယ်။

ပိုက်ဆံကို ဘယ်လိုနည်းနဲ့ဝင်အောင် ရှာရမလဲဆိုတာ အမြဲ စဉ်းစားတွေးတောကြံဆနေတဲ့သူ့အတွက် ကိုယ့်အိတ်ထဲက တစ်ပုံးခွဲလောက်ထွက်သွားတော့ မှိုင်ရုံတင်မကဘူး၊ ကျွမ်းပစ်ပြီးကို



www.burmeseclassic.com

www.burmeseclassic.com


သေချင်နေတာ။

"ပိုက်ဆံရချင်တာလည်းရချင်တာပေါ့၊ ဒါပေမယ့် နိုင်မယ် ရှုံးမယ်မသေချာတဲ့အလုပ်ကို မင်းမို့သွားလုပ်တယ် စင်ရော်ရာ"

အမှန်က ဖြစ်ပုံက ဒီလို ...။

မနေ့ညဦးက သူ့ညာဘက်လက်ဖဝါးတွေယားနေတယ်။ လူတိုင်းမှာ သူ့သင်္ကေတနဲ့သူ၊ သူ့အတိတ်နိမိတ်သူဆိုတာမျိုး ရှိကြတယ်မဟုတ်လား။ ဒါကြောင့်လည်း အသားလှုပ်နိမိတ်စာအုပ်၊ အိပ်မက်ကျမ်းစာအုပ်တွေရောင်းနေရတာပေါ့။

သူ့မှာလည်း အဲသလို သင်္ကေတနိမိတ်မျိုးတွေရှိတယ်။ တိုက်ဆိုင်တာလို့ပဲပြောပြော၊ ဘာပဲပြောပြော တစ်ခုခုဖြစ်တော့မယ်၊ တစ်ခုခုရတော့မယ်ဆိုရင် နိမိတ်ကတော့ ပြတာပဲ။

ဥပမာ ...

ဘယ်ဘက်အောက်မျက်ခမ်းလှုပ်ရင် စိတ်ညစ်စရာတစ်ခုခု ကြုံရတတ်တယ်။ အပေါ်မျက်ခုံးလှုပ်ရင် အဝတ်အထည်၊ အဖိုးတန်ပစ္စည်းတစ်မျိုးမျိုးဝင်တတ်တာလည်းအမှန်ပဲ။

ပြီးတော့ ...

ညာဘက်လက်ဖဝါးယားရင် ပိုက်ဆံက ဝင်ကိုဝင်တယ်။ ဘယ်ဘက်လက်ဖဝါးယားရင်တော့ ပိုက်ဆံ ရှာကြံထွက်ရော။

အဲဒါ မနေ့ညဦးက ညာဘက်လက်ဖဝါးယားလာတော့ ဒီအချိန် ဘယ်က ပိုက်ဆံဝင်မလဲစဉ်းစားတယ်။

ဒါနဲ့ ထွန်းဆင့်ကို ...

"ထွန်းဆင့် ... မင်း ငါ့ဆီက ပြန်ဝယ်ထားတဲ့အကြွေး အခုပေးမှာလား"


www.burmeseclassic.com

www.burmeseclassic.com



"ဟော့ အေး၊ လကုန်မှပေးမယ်၊ မင်း မကြိုက်လို့ထိုးရောင်းပြီး ဘယ်တော့ပေးပေးဆို"

"အေးပါ၊ ခုလည်းတောင်းတာမဟုတ်ပါဘူး၊ မေးကြည့်တာပါ"

သူက ပိုက်ဆံနဲ့ပတ်သက်ရင် သူငယ်ချင်းမပြောနဲ့ မိဘညီအစ်ကိုမောင်နှမတောင် ဘာမှအလကားမပေးဘူး။ တစ်ဝက်ဈေးပဲရရ ရအောင်ယူတာ။

ဒါနဲ့ ... ထွန်းဆင့်ဆီကလည်း ပိုက်ဆံရသေးမှာမဟုတ်တော့ ညရောက်မှယားလာတဲ့လက်ဖဝါး ဘယ်ကများ ပိုက်ဆံဝင်မလဲဆိုတာ စဉ်းစားစရာဖြစ်လာတယ်။ ညရှစ်နာရီလောက်ရောက်တော့ ဖျပ်ခနဲသတိရမိတာက မန္တလေးသားတွေစုတဲ့အိမ်။

သေချာပြီ။ ဒီနေ့ည သွားကစားလို့ကတော့ နိုင်မှာ သေချာတယ်။ အဲ့ဒါနဲ့ ငေါက်ခနဲထသွားလိုက်တာ မိုးလည်းလင်းရောပါသမျှ တက်တက်ပြောင်ပါလေရော။

သူ့တစ်သက်နဲ့တစ်ကိုယ် ဒီလိုအဖြစ်မျိုး တစ်ခါမှမကြုံဖူးတော့ အရမ်းအံ့သြသွားတယ်။ သူ့ကိုပြတဲ့နိမိတ်သင်္ကေတတွေက တစ်ခါမှ အလွဲအမှားမရှိခဲ့ဖူးသေးဘူး။

"တောက် ... ရာဇဝင်ရိုင်းလိုက်လေ၊ ဘယ်လိုဖြစ်တာပါလိမ့်"

အရှုံးကို ရင်မှာပိုက်ပြီး သူ တစ်လမ်းလုံး စဉ်းစားပြန်ခဲ့တယ်။ လက်ဖဝါးကလည်း ခုထိ ယားနေတုန်းပဲ။ ဘာပါလိမ့်။ တစ်မနက်လုံး ငေါင်ပြီးထိုင်နေမိတယ်။ မျက်နှာကျက်နဲ့အုတ်နံရံတွေက သူ့ကို ပြောင်ပြနေသလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com


"ကဲပါကွာ၊ ငေါင်မနေနဲ့ ရေချိုး၊ တစ်ခုခုစားပြီးအိပ်တော့ မင်းက ပိုက်ဆံအရှာတော်တာပဲ၊ ပြန်ရှာ၊ ခဏနဲ့ကျေတယ်၊ မသေချာတဲ့အလွယ်လမ်းတော့မလိုက်နဲ့ပေါ့"

ထွန်းဆင့်က ပြောပြီးထွက်သွားတယ်။

ထွန်းဆင့်ထွက်သွားမှ တစ်ချိန်လုံးယားနေတဲ့ သူ့ညာလက်ဖဝါးကို မကျေမနပ်နဲ့ဖြန့်ကြည့်မိတယ်။

"ဟင်"

အဲဒီတော့မှ တစ်စုံတစ်ခုကို တွေ့လိုက်ရတော့တယ်။

သေလိုက်စမ်းပါတော့ကွာ။

လက်ဖဝါးက တစ်ချိန်လုံးယားနေမှာပေါ့။ လက်ဖဝါးရဲ့ အလယ်တည့်တည့်မှာ ယားနာအရေကြည်ဖုလေးတစ်ဖု ပေါက်နေတာကိုး။

ဩော် ... လွဲချက်နာလှတဲ့နိမိတ်ရယ်။

* * *


www.burmeseclassic.com

www.burmeseclassic.com

အကောင်းဆုံးကို ...

ငါတို့မရွေးချယ်နိုင်ရင်လည်း ...

အကောင်းဆုံးကတော့ ...

ငါတို့ကို ရွေးချယ်သွားပါလိမ့်မယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

{ ၂ }

"တစ်ချိန်လုံး ခိုညည်းညည်းနေတဲ့ နင့်ကိုလေ ကြိုးကြာလို့ မမှည့်ဘဲ ခိုလို့ မှည့်ခဲ့ဖို့ကောင်းတယ် သိလား"

"ဟင့်အင်း မသိဘူး၊ ငါသိတာက ဒီနေ့ဈေးသွားလိုက်တာ ငါ့ပိုက်ဆံတော်တော်ကုန်သွားတယ်၊ ညနေစာကို ပဲပြုတ်နဲ့သာ စားကြပေတော့"

"ပဲပြုတ်နဲ့ပဲစားရစားရ၊ ငပိဖုတ်နဲ့ပဲစားရစားရ ထမင်းတစ်လုတ်ကို နားအေးပါးအေးစားရဖို့ပဲ အရေးကြီးတယ်"

"တော်စမ်းပါ စုထွေးရယ်၊ နင်ကလေ ... ပါးစပ်ပါတိုင်း လျှောက်ပြောမနေနဲ့ ... ထမင်းစားတဲ့အချိန် နင်အဆိုးဆုံးပဲ၊ အသားဟင်းချက်ရင် အရွက်ကြော်လေးပါရင်ကောင်းမှာတို့၊ အရွက်ကြော်ရင် ချဉ်ငံစပ်လေးပါမှတို့ အမျိုးမျိုးပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ပြောတာလောက်ကလေးတောင် တွန့်တိုနေတယ်၊ ကျွေးတာလည်းမဟုတ်ဘဲနဲ့"

စုထွေးက မျက်စောင်းထိုး၊ ခြေဆောင့်၊ နှုတ်ခမ်းစူပြီး ထသွားသည်။ တကယ်ဆို ကြိုးကြာက စုထွေးထက် နှစ်လလောက်ပဲကြီးတဲ့ သူငယ်ချင်း။ ဒါကို ... ကြိုးကြာက အစ်မကြီးပုံစံ ဖမ်းသည်။ ဆရာလုပ်သည်။ ဩဝါဒပေးသည်။

ဒါတွေကိုသိသော်လည်း ကြိုးကြာကို ခင်တွယ်လွန်း၍ အိုးအိမ်ပစ်ပြီး ကြိုးကြာနှင့်လာနေခြင်းဖြစ်သည်။

ကြိုးကြာဆိုတဲ့မိန်းမက ဘယ်လိုမိန်းမမျိုးမှန်းကိုမသိ။ အလွန်အင်မတန်ကပ်စေးနဲသည်။ တစ်ပြားကို နှစ်ပြားမှတ်ပြီး ချွေသည်။ ကြိုးကြာဆီက စားရဖို့၊ အလကားရဖို့၊ တောင်းဖို့ ဘယ်တော့မှ မမျှော်လင့်လေနှင့်။

ကျောင်းတုန်းကဆိုလျှင်လည်း တစ်ခုခုစားကြလျှင် ပိုက်ဆံအရွက်ကြီးတွေဆို ကြိုးကြာက ဝှက်ထားတတ်၏။ ပိုက်ဆံပါမှန်းသိလျှင် ရှင်းနေရမှာမဟုတ်လား။ သူများကျွေးတာစားရလျှင်တော့ ပါးဖြဲနားဖြဲစားတတ်သည်။ ပိုးကြေးပန်းကြေးကျွေးသူနှင့်တွေ့လျှင် ကြက်ကင်တို့၊ ဒိမ်ိနိုတို့မှ ရွေးပြီး စားသောက်၏။ ကော်ဖီသောက်လျှင်လည်း တစ်ခွက်ကို (၁၅၀၀) ပေးရသော **Cappuccino** မှ ရွေးသောက်၏။

နောက်ပိုင်း ကြိုးကြာအကြောင်းသိသွားကြတော့ ဒေါ်ကပ်စီးဟု ခေါ်ကြသည်။ ဒါလည်း ကြိုးကြာက မနာ။

"ခေါ်လေ ... ဘာဖြစ်လဲ၊ နာမည်သာဆိုးတာ ငွေသာကျန်သာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာဆိုတာ အဲသလိုမိန်းကလေးမျိုး။ သူ့အိတ်ထဲက ပိုက်ဆံတစ်ရာထွက်ဖို့ အင်မတန်ခဲယဉ်းသည်။

အခု ... သူနှင့်အတူနေရတော့လည်း အသားဟင်းကို အရောအနှောနှင့် ကျွေးသည်။ မနက်ခင်းအဆာပြေဆိုလည်း ပဲပြုတ်ထမင်းကြော်နှင့်ကော်ဖီကြမ်းသာ။ ကော်ဖီမစ်ထုတ်ကို တစ်ထုတ်လုံး ဘယ်တော့မှ မသောက်ရ။ တစ်ဝက်သာတိုက်၏။ အပြင်ဆိုင်မှာ နန်းကြီးသုပ်ကို သူ့ပိုက်ဆံနှင့်သူဆိုလျှင် တော်တန်ရုံ ဝယ်မစားပေ။ စားချင်လျှင် မုန့်ဖတ်ဝယ်ပြီး အိမ်မှာပဲသုပ်ကျွေး သည်။

"တချို့ဆိုင်တွေမှာ နန်းကြီးသုပ်တစ်ပွဲကို ရှစ်ရာ၊ တစ် ထောင်ယူနေကြတာ၊ ငါတို့အိမ်က လေးယောက်စားမယ်ဆိုရင် ရှစ်ရာပဲထားဦး၊ တစ်မနက်တည်းနဲ့သုံးထောင့်နှစ်ရာကုန်မယ်၊ မုန့် ဖတ်နှစ်ရာဖိုးဝယ်ပြီး၊ ဆီချက်၊ ပဲမှုန့်နဲ့ အိမ်မှာသုပ်စားရင် ငါတို့ လေးယောက် ဝတာပဲ"

လေးယောက်ဆိုတာ ကြိုးကြာ၊ စုထွေးနှင့်မူယာ၊ မာယာ ညီအစ်မနှစ်ယောက်ဖြစ်သည်။ မူယာနှင့်မာယာက ကြိုးကြာအစ်မ ရဲ့ သမီးတွေ။ ဆယ်တန်းအောင်ပြီး၍ သင်တန်းတွေတက်နေကြ သည်။

"ကြိုးကြာရယ်၊ ပိုက်ဆံကို မသုံးရက်မစားရက် ဒီလောက် နှမြောတွန့်တိုကပ်စေးနဲနေတာ နင်သေရင်ပါမှာလား? အကုန် ထားပစ်ခဲ့ရမှာ"

"အံမယ် ... ငါ့ကိုလာပြီး တရားပြမနေနဲ့ စုထွေး၊ နင့် ထက်ငါ ပိုသိတယ်၊ သေရင်ကိုယ့်နောက်မပါဘူးဆိုတာနဲ့ပဲ ငါလို့



www.burmeseclassic.com

www.burmeseclassic.com


ရသမျှ အကုန်သုံးပစ်ရမှာလား? ဟွန်း၊ ဘာမဆို စည်းနဲ့စနစ်နဲ့ပေါ့၊ သေတော့လည်း လိုအပ်တဲ့နေရာတွေ အကုန်လှူထားခဲ့မယ်၊ အဲ ... တချို့လည်း တူ၊ တူမတွေ အမွေပေးခဲ့မှာပေါ့"

"ဟင်! သားသမီးတွေအတွက်ရော"

"ဟဲ့ ... ငါ့မှာ ဘယ်က သားသမီးရှိလို့လဲ? နင်လည်း အပျိုကြီး၊ ငါလည်းအပျိုကြီး၊ အဲဒီစုထွေးဟာ ကြောင်တောင် တောင်နဲ့ ဟွန်း"

"အံမယ် ... အပျိုကြီးလို့မပြောပါနဲ့"

"ဩော် ... အသက်ပဲ နှစ်ဆယ့်ငါးနှစ်ထဲရောက်နေပြီ အပျိုကြီးပေါ့"

"ဒါနဲ့ ... နင် အိမ်ထောင်မပြုတော့ဘူးလား ကြိုးကြာ"

"အိမ်ထောင်၊ နင်ဟာလေ ... အိမ်ထောင်ပြုတာများ ထမင်းစားရေသောက် လွယ်တယ်ထင်လို့ ဒီလိုမေးတာလား ဟင်၊ စုထွေးရဲ့"

"အေးလေ၊ မယူချင်ရင်သာခက်တာ၊ ယူချင်ရင် လွယ် လွယ်လေး၊ နင့်ဖာသာ ခက်အောင်လုပ်ပစ်တာကိုး"

"အံမယ် ... နင့်လေသံက ငါ့ကို အပြစ်တင်ချင်တဲ့လေသံ ပါလား စုထွေးရဲ့၊ ဘာလဲ? စောမင်းဝေနဲ့ကိစ္စမှာ ငါ မှားတယ်လို့ ပြောချင်တယ်ပေါ့ ... ဟုတ်လား"

"မှားတယ်မမှားဘူးဆိုတာ နင့်ဖာသာ စဉ်းစားကြည့်ပေါ့ ကြိုးကြာ၊ ဟိုက မိသားဖသားပီပီတောင်းရမ်းလက်ထပ်ယူပါ့မယ် ဆိုတာကို နင်က လက်မခံဘဲ ဇောက်တိဇောက်ထိုးလုပ်ခဲ့တာကိုး"

လွန်ခဲ့သော အတိတ်ကို ပြန်စဉ်းစားကြည့်လျှင် ကြိုးကြာ


www.burmeseclassic.com

www.burmeseclassic.com


ကတော့ သူ့ကိုယ်သူ မှားသည်ဟုမထင်။ ယောကျ်ားလေးဘက်က စိန်တစ်ဆင်စာတင်တောင်းဦး၊ မိန်းကလေးရှင်ဖြစ်တဲ့ သူ့ဘက်က ကျွေးမွေးရမည်။ ညှိခံရမည်။ နယ်က မိဘတွေ လှမ်းခေါ်လျှင် စရိတ်စကကုန်ရုံတင်မက လူမြင်သူမြင်ကောင်းအောင် ဝတ်စားဆင်မြန်းပေးရဦးမည်။

အသေးစိတ်တွက်ချက်ကြည့်လိုက်တော့ ကုန်ကျငွေက နည်းနည်းနှောနှောမဟုတ်။ နှမြောစရာကောင်းလှသည်။ သို့နှင့် ဒီအတိုင်းခိုးရာလိုက်ပြေး၊ လက်မှတ်ထိုးလက်ထပ်၊ ပြီးမှ နှစ်ဖက်မိဘအသိပေး။ ပြီးရော။

ထို့ကြောင့် ... စောမင်းဝေကို ခိုးပြေးဖို့ပြောသည်။ ဒါကိုဒင်းကပဲ နာရတယ်ရှိသေး။ ဤသို့ဖြင့် စောမင်းဝေက စိတ်ဆိုးပြီး လမ်းခွဲသွားတော့ အိမ်ထောင်ပြုဖို့အရေး ဝေးသွား၏။

"နင် ကပ်စေးနဲတာကြီးက လွန်လွန်းတယ်နော် ကြိုးကြာ၊ ကိုယ့်ဘဝရေးရေးတောင်ပျက်တယ်"

"ဟဲ့ ... ဒါတော့ ငါလည်းပျက်ချင်ပါ့မလား စုထွေးရဲ့၊ အလကားအပိုမကုန်တန်မကုန်ရအောင်ပြောတာ စိတ်ဆိုးစရာ၊ နာစရာလား၊ အိမ်ထောင်ပြုတာပဲ၊ မင်္ဂလာဘယ်လိုဆောင်ဆောင် လင်မယားဟာ လင်မယားဖြစ်တာပဲ"

"ဘုရား ဘုရား၊ နင် နင် ငါတို့မိန်းမထုကြီးကို ဈေးမဖျက်ပါနဲ့အေ ... အချောင်ရှာနေတဲ့ယောကျ်ားမျိုးနဲ့တွေ့မှ နင် နောင်တရမယ်နော်"

"နောင်တရစရာလား? ငါ့အိတ်ထဲက တစ်ပြားမှမကုန်လို့ကတော့ အဲဒီယောကျ်ားမှာ ကလေးတွေ အဆစ်ပါရင်တောင်


www.burmeseclassic.com

www.burmeseclassic.com


လက်ခံလိုက်ဦးမယ်"

"ဘယ်လို၊ ဘယ်လို"

"ဟုတ်တယ်လေ၊ ကလေးတစ်ယောက်မွေးတဲ့ကုန်ကျစရိတ်နည်းလား? ကလေးပါလာတော့ ငါ အကုန်အကျခံမွေးစရာမလိုတော့ဘူးပေါ့"

"ဘုရား၊ ဘုရား၊ သွားပြီ နင်တော့ လုံးဝကိုသွားပြီ"

* * *


www.burmeseclassic.com

www.burmeseclassic.com

{ ၃ }

လောကကြီးမှာ စိတ်ဝင်စားစရာတွေ၊ အံ့သြဖွယ်ရာတွေ အများကြီးပဲ။ ကမ္ဘာနဲ့ယှဉ်မကြည့်တောင် မြန်မာတစ်နိုင်ငံတည်းမှာပဲ ကြည့်ဦးမလား။ အများကြီးမှ တကယ့်အများကြီး။

အလွယ်ဆုံး၊ အနီးစပ်ဆုံးဥပမာတစ်ခုကိုပြောရရင် ငွေဆောင်ကနေ တစ်နာရီလောက်သွားရတဲ့ ထူးဆန်းတဲ့ငှက်ကျွန်းဆိုတာ တော်တော်စိတ်ဝင်စားစရာကောင်းတယ်တဲ့။

ဟင့်အင်း။ အဲဒါတွေ ထားပါ။ ဒါတွေအားလုံးကမှ အလှမ်းဝေးပါသေးတယ်။ ဟောဒီအိမ်လေးထဲမှာကိုက စိတ်ဝင်စားစရာရော၊ ထူးဆန်းတာရောရှိနေခြင်းပင်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကျော်မင်းဦးက စင်ရော်လှုပ်ရှားမှုမှန်သမျှကို စိတ်ဝင်တစားနဲ့ လိုက်ကြည့်နေတယ်။

စင်ရော်ကတော့ သူ့အာရုံနဲ့သူ။ ဝယ်လာတဲ့ကော်ဖီမစ်ထုတ်တွေကို တစ်ထုတ်ပြီးတစ်ထုတ်ဖောက်ပြီး အမှုန့်တွေကို ပုလင်းလွတ်ထဲ ထည့်နေတယ်။

စိတ်ဝင်တစားကြည့်နေတဲ့ ကျော်မင်းဦးက ဆက်ပြီး သည်းခံကြည့်မနေနိုင်တော့တာနဲ့ မေးလိုက်တော့တာပေါ့။

"သူ့ဟာသူ အထုတ်လေးနဲ့ရှိနေတာကို ဘာလို့ပုလင်းထဲ ဖောက်ထည့်နေရတာလဲ စင်ရော်ရာ၊ တစ်ခါသောက် တစ်ထုတ်ပြီးရောပေါ့၊ အဆင်ပြေပြီးသားကို ရှုပ်အောင်လုပ်နေတယ်"

ကျော်မင်းဦးမေးတာကို စင်ရော်မဖြေအားဘူး။ ဖောက်ထည့်ပြီးသားကော်ဖီမစ်အိတ်ခွံအတွင်းက ကံစမ်းမဲနံပါတ်တွေကို အသဲအသန်လိုက်ကြည့်နေရတာကိုး။ ပြီးမှ ...

"တောက် ... ဘာနံပါတ်တွေပါမလဲဆိုတာသိချင်လို့ အကုန်ဖောက်ကြည့်နေတာ၊ ဆယ်ထုတ်မှာမှ တစ်ဂဏန်းက တစ်လုံးတည်း ပါပြီး ကျန်တာ နှစ်ဂဏန်းတွေချည်းပဲ"

"ဩော် ... စင်ရော် စင်ရော်၊ ဖြစ်မှဖြစ်ရလေ"

"ဖြစ်မှဖြစ်ရလေမလုပ်နဲ့၊ ကော်ဖီသောက်ရင် တစ်ထုတ်စာမှန်းပြီးထည့်သောက်၊ ပိုမသောက်နဲ့"

"မင်းကွာ ... ပိုက်ဆံကို ဘာလို့ ဒီလောက်အသဲအသန်လိုချင်ရတာလဲ"

"ဟာ! ပိုက်ဆံမလိုချင်တဲ့သူ ဘယ်သူရှိမလဲကွ"

"လိုချင်ပေမယ့် မင်းလောက် ဘယ်သူမှ မဆိုးဘူး စင်ရော်"



www.burmeseclassic.com

www.burmeseclassic.com


"အဲဒါ ဟန်ဆောင်နေကြတာ ... ငါကတော့ ရှင်းရှင်းပဲ ပိုက်ဆံကို ဘယ်အချိန်ရရ၊ ဘယ်လောက်ရရ လိုချင်တယ်"

"ဘယ်လိုနည်းနဲ့ရရဆိုတာရော ထည့်ပြောဦး"

"ဟဲ ဟဲ၊ ဒါတော့ အကန့်အသတ်ရှိပါတယ်"

စကားပြောနေရင်း စင်ရော်က အထုတ်တစ်ထုတ်ကို လှမ်းယူတယ်။ ကျော်မင်းက ...

"ဘာတွေလဲ"

"ခေါက်ဆွဲခြောက်"

"ထမင်းမစားဘဲ ပြုတ်စားမလို့လား"

"အခုမစားပါဘူး၊ စားချင်တဲ့အခါစားဖို့"

"နို့ ... ဘာလို့ဖောက်နေတာလဲ"

"ခဲခြစ်ကံစမ်းမဲပါတယ်ကွ၊ ဘယ်လောက်ပေါက်မလဲ သိချင်လို့"

ပြောရင်း စင်ရော်က ခေါက်ဆွဲခြောက်တွေ တစ်ထုတ်ပြီး တစ်ထုတ်ဖောက်ကာ ခဲသားကတ်ပြားလေးတွေကို ခြစ်ကြည့်နေတယ်။

"လာပြန်ပြီ **Thank You** တဲ့၊ **Thank You** မလိုချင်ဘူး၊ ပိုက်ဆံပဲလိုချင်တယ်"

"ဟေ့ကောင် စင်ရော်၊ ခေါက်ဆွဲခြောက်တွေ မကျွတ်တော့ဘဲ အိကုန် ပျော့ကုန်မှာပေါ့"

"အိတော့ ဘာဖြစ်လဲ? ရေနွေးနဲ့ပျော့အိနေအောင်တောင် ပြုတ်စားရသေးတာပဲဟာကို"

ကဲ ... အဲဒါသာကြည့်။ ကျော်မင်းဦးပြောသလို စင်ရော်


www.burmeseclassic.com

www.burmeseclassic.com


ဟာ အတော့်ကို အံ့သြထူးဆန်း စိတ်ဝင်စားစရာကောင်းတယ်။

"ထမင်းကျက်ပြီလားဟေ့၊ ဗိုက်ဆာလာတယ်၊ ထမင်းစားမယ်"

လူကိုမမြင်ရသေးဘဲ အသံအရင်လာတာက ထွန်းဆင့်။ ကံစမ်းမဲက Thank You တွေပဲထွက်လို့ စိတ်တိုနေတဲ့ စင်ရော့် ဒေါသက ထွန်းဆင့်ဆီရောက်သွားတယ်။

"မင်းက အခန့်သား ထမင်းကျက်ပြီလားမေးရအောင် ပိုက်ဆံတွေ ဘယ်လောက်ရှာထားပေးလို့လဲ ထွန်းဆင့်၊ အတော့်ကို အထူအပါးနားမလည်တဲ့ကောင်"

"ဟ! ဘလိုင်းကြီးပါလား"

"မင်းကမှ ဘလိုင်းကြီးကွ၊ တစ်ရက်တစ်ထောင်လေးပေးပြီး လေသံက အကျောကြီးနဲ့ ဟင်း"

"သြော် ... သြော်၊ ငါတို့သုံးယောက် တစ်ယောက်တစ်ထောင် အချိုးကျထည့်ပြီး ထမင်းဟင်းချက်ပါရစေလို့ ခခယယ ပြောလာတာ ဘယ်သူလဲ? ဒီမှာ စင်ရော်၊ တစ်ရက်သုံးထောင်ယူပြီး ချဉ်ရေဟင်း၊ ငြုတ်သီးထောင်းနဲ့ကျွေးတဲ့ရက်ကျွေး၊ အသား ဟင်းချက်ရင်လည်း လက်တစ်ဆစ်လောက်လေးကို နှစ်တုံးပဲကျွေးပြီး မင်းအိတ်ထဲကျန်အောင်လုပ်နေတာ မသိဘူးမျှတ်နေလား"

"အောင်မာ ... အဲသလို မင်းချက်ကျွေးနိုင်လား ထွန်းဆင့်"

စင်ရော်နဲ့ထွန်းဆင့်က တွေ့လိုက်ရင် ဒီအတိုင်းကြီးပါပဲ။ ကျော်မင်းဦးက ...

"တော်ကြစမ်းပါကွာ၊ မင်းတို့ဟာက ပတ်ဝန်းကျင်ကြား လို့မှမတော်ဘူး၊ ကဲ ... ထမင်းစားမှာဖြင့် စားကြရအောင် ...


www.burmeseclassic.com

www.burmeseclassic.com


ငါ ခူးခပ်ပြင်ဆင်ပေးပါ့မယ်"

ကျော်မင်းဦးက ပြောပြောဆိုဆို ထသွားပြီး ထမင်းပွဲပြင်တယ်။ ထွန်းဆင့်က စင်ရော်လုပ်ကိုင်နေတာကိုကြည့်ရင်း ...

"စားကောင်းမှန်းမသိ၊ သောက်ကောင်းမှန်းမသိ၊ သုံးကောင်းမှန်းမသိ၊ ကံစမ်းမဲပါတယ်ဆိုတာနဲ့တွေ့သမျှပစ္စည်း စွတ်ဝယ်တော့တာပဲ"

"ဘာဖြစ်လဲ? သုံးရ၊ စားရမယ့်အတူတူ ကံစမ်းမဲပေါက်တော့ အမြတ်ပေါ့၊ ကော်ဖီဆို မပေါက်လည်း သောက်ရမှာပဲ၊ သွားတိုက်ဆေးဆိုလည်း ဝယ်တိုက်ရမှာပဲ၊ ခေါက်ဆွဲခြောက်လည်း ဝယ်စားရမှာပဲလေ၊ အဲသလို မသုံးမဖြစ်သုံးရမယ့်အတူတူ ကံစမ်းမဲပါတာပဲဝယ်တော့မပေါ့၊ ဟုတ်ဖူးလား"

"မင်းတော့ ... တစ်နေ့တစ်နေ့ အဲ့ဒီစိတ်နဲ့သေမှာပဲ"

"ဝေ ...ဂက်စကားမများနဲ့၊ ပြီးတော့ မင်းပဲ ဒီပစ္စည်းတွေ အကုန်ယူသုံး၊ ယူစားတာမဟုတ်လား"

"မင်းပဲ သုံးခိုင်းတာလေ၊ ကံစမ်းမဲပါတဲ့ ဆပ်ပြာဝယ်၊ မပေါက်တော့ မြန်မြန်ကုန်အောင်သုံးခိုင်းပြီး အသစ်ထပ်ဝယ်၊ သွားတိုက်ဆေး၊ ခေါင်းလျှော်ရည်ကအစ ဒီလိုပဲ၊ ခေါက်ဆွဲ ကော်ဖီ အားလုံးအတူတူပဲ၊ အခုကျတစ်မျိုးပြောပြီ၊ မင်းကလေ 'ဟိုဟာမ' ပါးစပ်လိုပဲ၊ ပစိပစပ်နဲ့"

စင်ရော်နဲ့ထွန်းဆင့် ဒုတိယအချီ စကားစစ်ပွဲကနေ နပမ်းထသတ်ကုန်ကြတယ်။ ကျော်မင်းဦးလည်း အတော့်ကို စိတ်ကုန်တာပေါ့။ ဒါနဲ့ ...

"သတ်ကြကွာ၊ သေအောင်သာသတ်ကြ၊ မင်းတို့သေရင်


www.burmeseclassic.com

www.burmeseclassic.com


အသားတုံးတွေ ငါတစ်ယောက်တည်း ပိုစားရတာပေါ့”

အဆုံးမတော့ စင်ရော်က ထွန်းဆင့်ကို အိမ်ပေါ်က နှင်ချတယ်။ ထွန်းဆင့်ကလည်း ဆဲဆိုပြီးဆင်းသွားတယ်။

အလွန် ‘အ’တဲ့ ထွန်းဆင့်။ ဒီအိမ်က သူတို့သုံးဦးစပ်တူငှါးထားတဲ့အိမ်။ ဒါကိုပဲ ထစ်ခနဲရှိ စင်ရော်က ထွန်းဆင့်ကို အမြဲအိမ်ပေါ်က နှင်ချသလို လှုပ်ခနဲဆို ထွန်းဆင့်ကလည်း အိမ်ပေါ်က ဆင်းနေကျပဲ။

ဒါကြောင့်ပြောတာပေါ့။

စိတ်ဝင်စားစရာ၊ ထူးဆန်းတာတွေက ဒီအိမ်ထဲမှာပဲရှိနေပါတယ်လို့

* * *


www.burmeseclassic.com

www.burmeseclassic.com

ကတိသစ္စာ ...

တည်သောအခါတွင် ...

ဩဇာလေးနက် ...

ပေါ်ဆီတက်၍ ...

နှယ်မြက်သစ်ပင် ...

ဆေးဖက်ဝင်၏

* * *

www.burmeseclassic.com

www.burmeseclassic.com

{ ၄ }

မှတ်တိုင်မှာ အထူးကားတစ်စီး အကြာကြီးရပ် လူခေါ်နေသော်လည်း ကြိုးကြာကမလိုက်ပေ။ နှစ်မှတ်တိုင်၊ သုံးမှတ်တိုင်ကို ပိုက်ဆံနှစ်ရာပေးစီးရမှာ နှမြော၍ ငါးဆယ်ကားစောင့်နေခြင်းပင်။

ဘတ်စ်ကားစီးသူတို့၏ခံစားချက်အတိုင်း အဝါနံပါတ်ကားကိုစောင့်လျှင် အနီနံပါတ်နှင့်ကားလာသည်။ အနီကားစောင့်လျှင် အဝါကားလာသည်။ ရှေ့နားတိုးစောင့်လျှင် နောက်မှာရပ်ပြီး နောက်နားစောင့်လျှင် ရှေ့ကိုကျော်ရပ်၏။ ရှေ့ပြေးလိုက်၊ နောက်ပြေးလိုက်နှင့်အတော့်ကို ဣန္ဒြေပဲ့လှသည်။

"ဟင်း! စိတ်ပျက်ဖို့ကောင်းလိုက်တာ"

ကြိုးကြာက ညည်းသည်။

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com


ကြိုးကြာလိုပင် ဘတ်စ်ကားစောင့်နေသူတစ်ဦးရှိသေး၏။ ထိုသူကား စင်ရော်။ စင်ရော်ကတော့ နှစ်ရာကား၊ သုံးရာကားထည့်တွက်ပြီး စောင့်သူမဟုတ်။ သို့သော် ... မာနတော့ကြီးသည်။ ပိုက်ဆံပေးစီးရပြီး ဟိုပြေးသည်ပြေးနှင့် ခဝယယပြေးမလိုက်ချင်။

သုတ်သုတ်တက်၊ သုတ်သုတ်ဆင်းနှင့် ဂျက်လေယာဉ်လိုမောင်းသောကားတွေနှင့်စင်ရော်က သိပ်သဟာဇာတမဖြစ်ပေ။ ထို့ကြောင့် လိုရာခရီးကို ခပ်မြန်မြန်မရောက်ဘဲ မှတ်တိုင်တွင် ကြာလေ့ရှိ၏။

"တောက် ... ဒါကြောင့် ပိုက်ဆံကို အသဲအသန်ရှာတာပေါ့၊ ပိုက်ဆံပိုလျှံရင် ကိုယ်ပိုင်ကားကို ဝယ်စီးဦးမယ်"

ဤသို့ဖြင့် စင်ရော်ကော၊ ကြိုးကြာပါ ဘတ်စ်ကားပေါ် ခြေချခွင့်မရကြသေးပေ။ သူတို့ထက်အရင်ရောက်နှင့်သူတွေ၊ နောက်မှရောက်လာသူတွေ တစ်ယောက်ပြီးတစ်ယောက် ပါသွားကုန်ကြပြီ။ ကျန်ရစ်သူနှစ်ဦးက စင်ရော်နှင့်ကြိုးကြာ။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြတော့ ကြိုးကြာက ရှက်သွားပြီး စင်ရော်လည်း အနေခက်သွားသည်။

ဤပုံအတိုင်းဆို မဖြစ်ချေဟု ကြိုးကြာတွေးသည်။ မိန်းကလေးတစ်ယောက်မှတ်တိုင်တွင် အကြာကြီးရပ်နေတာ သိပ်တော့မကောင်း။ တစ်မျိုးတစ်မည်ထင်သူက ထင်နိုင်သည်။

စင်ရော်ကလည်း မြန်မြန်သွားမှဟုတွေး၏။ တော်ကြာ ဟိုကောင်မလေးက သူ မသွားသေးလို့ စင်ရော်လည်း မသွားသေး


www.burmeseclassic.com

www.burmeseclassic.com


တာဟု ဟိုလိုဒီလိုတစ်မျိုးထင်နေဦးမည်။

နှစ်ဦးသား ကိုယ့်အတွေးနှင့်ကိုယ်တွေးပြီး ဘာကား လာလာလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်ကြ၏။ ခက်တာက စောစောကပြောသလို ကားတွေက ရပ်ချင်တဲ့နေရာရပ်ပြီး ရှေ့ကို ပြေးတော့ကားက ထွက်သွားလိုက်၊ နောက်ပြေးတော့ ရှေ့ကို ကျော်ရပ်လိုက်နှင့် လုံးချာလိုက်နေ၏။

"တောက်"

"ဟင်း"

စင်ရော်က တက်ခေါက်ပြီး ကြိုးကြာက သက်ပြင်းချ သည်။ ထို့နောက် နှစ်ယောက်စလုံး စိတ်ပျက်လက်ပျက်ဖြစ်ရာမှ အကြံတစ်ခုရ၏။

ထိုအကြံကား သစ္စာဆိုရန်အကြံ။

"အင်း"

"ဟုတ်ပြီ"

ကြိုးကြာက သူမဘာဝတစ်လျှောက်လုံးကို စဉ်းစားသည်။ မည်သည့်အရာကို သစ္စာဆိုလျှင် ကောင်းမည်နည်း။ သူမ၏ စိတ် သဏ္ဌာန်တွင် အပြင်းထန်ဆုံးကား ဘယ်အရာနည်း။ ထိုသို့ စဉ်း စားလိုက်တော့ သစ္စာဆိုရန် အကောင်းဆုံးအမှန်တရားကိုတွေ့၏။

"အရှင်ဘုရား၊ တပည့်တော်မသည် သိတတ်တဲ့အရွယ်မှ စ၍ ယခုအရွယ်ထိ ပိုက်ဆံနှင့်ပတ်သက်လျှင် အလွန်အင်မတန် ပင် နှမြောပါ၏။ မိမိကိုယ်ကျိုးအတွက်ကိုမှ မစားရက်၊ မသောက် ရက်၊ မဝတ်ရက်၊ မသုံးရက်နှမြောပါသည်။ ဤသစ္စာစကား မှန်ကန်ပါက တပည့်တော်မ စီးရမည့်ကား ရှေ့တည့်တည့်သို့


www.burmeseclassic.com

www.burmeseclassic.com



ရင်ပါစေသား"

ကြိုးကြာက မျက်စိမှိတ်သစ္စာဆိုရင်း ဘုရားရှင်နှင့်တကွ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များကို တိုင်တည်လိုက်၏။

စင်ရော်ကလည်း ကြိုးကြာလိုပင် ပါးစပ်မှ တတွတ်တွတ် ရွတ်ရင်း မျက်စိမှိတ်ကာ သစ္စာဆိုသည်။

"အရှင်ဘုရား၊ တပည့်တော်သည် အရွယ်ရောက်သည်မှ စ၍ ယခုအရွယ်အထိ ငွေကို မက်မက်စက်စက်ငမ်းငမ်းတက်လို ချင်ကာ နည်းမျိုးစုံဖြင့် ရှာဖွေခဲ့ပါသည်။ မည်သူ့ဆီကမှ အလကား မယူ၊ အလကားမတောင်းဘဲ ကိုယ့်ခွန်ကိုယ့်အား ဉာဏ်စွမ်းနှင့် သာ ရှာခြင်းဖြစ်ပါ၏။ နောင်လည်း မသေမချင်းရှာဖွေသွားပါ မည်။ ဤသစ္စာစကားသည် အမှန်ဖြစ်ပါ၏။ ထို့ကြောင့် တပည့် တော်စီးရမည့်ကားသည် ဤရှေ့တည့်တည့်တွင် ဆိုက်ရောက် ပါစေသတည်း"

မှတ်တိုင်သို့ရောက်လာကြသူ လူအများသည် မျက်စိမှိတ် ပြီး ပါးစပ်က တတွတ်တွတ်ရွတ်နေကြသော စင်ရော်နှင့်ကြိုးကြာ ကို အထူးအဆန်းနှင့်တအံ့တသြကြည့်ကြလေကုန်၏။

"ရုပ်လေးတွေက သန့်သန့်လေးတွေ"

"ယဉ်ယဉ်လေးနဲ့စိတ်ဖောက်နေကြတာပဲ"

"သနားပါတယ်ဟယ်၊ ဒီနားမှာ လာဆုံကြတာထင် တယ်"

စသဖြင့် အမျိုးမျိုးဝေဖန်နေကြ၏။

မည်သို့ပင်ဖြစ်စေကာမူ စင်ရော်နှင့်ကြိုးကြာမျက်စိဖွင့် လိုက်ကြသောအခါ သူတို့စီးရမည့်ကားသည် သူတို့ရှေ့ဖွဲ့တဲ့သို့



www.burmeseclassic.com

www.burmeseclassic.com


ရပ်လာလေတော့၏။

ကားမရွေးသောစင်ရော်ကလည်း ရှေ့တဲ့တဲ့လာရပ်သော ကားပေါ်တက်သည်။

ကြိုးကြာအဖို့ကတော့ ဆိုက်လာသောကားမှာ ငါးဆယ်ကားဖြစ်နေ၍ အတိုင်းထက်အလွန်ပျော်ရွှင်စွာလှမ်းတက်သည်။

နှစ်ယောက်သား အပေါက်တစ်ပေါက်တည်းမှ ဘေးချင်းယှဉ်တွဲ၍ ပြိုင်တူတက်မိကြခြင်းဖြစ်၏။

* * *


www.burmeseclassic.com

www.burmeseclassic.com

# { ၅ }

"တစ်ယောက်ချင်း ဖြည်းဖြည်းတက်ပါဗျာ၊ လုမတက်ကြပါနဲ့ ... ကားက အကုန်တင်ခေါ်သွားမှာပါ"

ကားစပယ်ယာက တွန်းတွန်းတိုက်တိုက်တက်လာသော စင်ရော်နှင့်ကြိုးကြာကို တအံ့တသြပြောသည်။

စင်ရော်က ခပ်ရှက်ရှက်နှင့် ကောင်မလေးကို ကြည့်လိုက်၏။ ကောင်မလေးက တစ်ခါမြင်ဖူးပြီးရင် နောက်တစ်ခါ ဘယ်နေရာမှာတွေ့တွေ့မှတ်မိနိုင်တဲ့ ရုပ်မျိုး။

မှတ်တိုင်မှာ အကြာကြီးရပ်တော့လည်း နှစ်ယောက်စလုံး အတူတူ။ ကားပေါ် ဝုန်းဆိုတက်ကြတော့လည်းအတူတူ။ ယာဉ်စီး ခပိုက်ဆံလှမ်းပေးတော့လည်း အတူတူ။

"အကြွေမပါဘူးလား အစ်မ"



www.burmeseclassic.com

www.burmeseclassic.com


"မပါဘူး"

"ဟိုဘက်ကအစ်ကိုလေးရော"

"မပါဘူး"

"ဒါဆို ဒီအစ်မဆီကပဲ ပေါင်းယူလိုက်မယ်"

"ဟဲ့ ... ပေါင်းယူရအောင် အဲဒီလူနဲ့ကျွန်မက အမျိုးလည်း မတော်ဘူး၊ ခင်လည်းမခင်ဘူး၊ မြင်တာ စက္ကန့်ပိုင်းပဲရှိသေးတယ်"

"ဩော် ... အတူယှဉ်လာလို့ အတူတူထင်နေတာ၊ ဒုက္ခပဲ၊ ငါးဆယ်နဲ့နှစ်ယောက်စလုံးကို အကြွေအမ်းရမှာခက်တယ်ဗျ"

"ကဲပါဗျာ၊ ကျွန်တော့်ဆီကပဲ နှစ်ယောက်စာယူလိုက်ပါ"

"အဆင်ပြေတာပေါ့၊ ဒီကပဲပေါင်းယူလိုက်တော့မယ်နော် အစ်မ"

"ဒါတော့မသိဘူး၊ ဘာမှမဆိုင်ဘူးပြောပြီးပြီပဲ၊ ကျသင့်ငွေလည်းပေးတယ်၊ အကြွေအမ်းရမှာက ရှင်တို့တာဝန်"

"အမ်းစရာခက်လို့ပေါ့ဗျာ၊ သူပေးလို့ယူတာပဲ"

"ပြီးရော၊ ဒီမှာ ... ရှင့်ဖာသာ စေတနာ့ဝန်ထမ်းလုပ်ပြီး ပေးတာနော်၊ ကျွန်မတောင်းတာမဟုတ်ဖူး၊ ချေးတာလည်းမဟုတ်ဘူး၊ ဟွန်း"

"ဟုတ်ကဲ့ပါ အမိရယ်၊ ပိုက်ဆံငါးဆယ်နဲ့ ပြေလည်အောင်လုပ်ပေးချင်လို့ပါ၊ နောက်တစ်ခါ လမ်းမှာတွေ့လို့ ကြုံရင် လည်း ပြန်မပေးပါနဲ့၊ စိတ်ပြတ်ကိုယ်ပြတ်ဆောင်ရွက်ပေးလိုက်တာပါ"

"ပြီးရော၊ ကျွန်မက သံသရာကြွေးပါမှာစိုးလို့"

စင်ရော့်စိတ်ထဲ ကြီးကျယ်ရန်ကောဟုတွေးမိသည်။


www.burmeseclassic.com

www.burmeseclassic.com


တကယ်တမ်း ကြိုးကြာက ကြီးကျယ်တာ မဟုတ်။ သူမတွင် အကြွေငါးဆယ်တန်ပါသည်။ အကြွေရှားတာမို့ တမင်ပင် အရွက်ကြီးထုတ်ပေးပြီး ငွေအကြွေတွေပြန်အမ်းလျှင် ဈေးဝယ်တဲ့အခါသုံးမည်။ မအမ်းနိုင်၍ အလကားစီးသွားဆိုပါကလည်း အမြတ်ထွက်သည်။

ကြိုးကြာက သူ့အိတ်ထဲကပိုက်ဆံဆို မထွက်လေ ကြိုက်လေပါပဲ။

တချို့လူတွေကို ကြိုးကြာ အံ့သြသည်။ ပင်ပင်ပမ်းပမ်း ရှာထားရတဲ့ ကိုယ့်အိတ်ထဲက ပိုက်ဆံကို ငါးဆယ်၊ တစ်ရာလည်း မနှမြော၊ တစ်ထောင်နှစ်ထောင်ဆိုလည်း မနှမြော ... ပက်ခနဲ သုံးတတ်သည်။

ကြိုးကြာက ကိုယ်တိုင်နှမြောသူဖြစ်ပေမယ့် သူ့လို နှမြောကပ်စေးနဲသူဆိုလျှင် ခင်ခင်မင်မင်၊ ရောရောနှောနှောမနေ။ အပေါင်းအသင်းလည်းမလုပ်ဘဲ ဝေးဝေးရှောင်လေ့ရှိ၏။

ယခုလို ပိုးခနဲပက်ခနဲကူညီတတ်သူ၊ ရက်ရက်ရောရော ကျွေးမွေးတတ်သူဆိုလျှင် ခေါင်းပြောနှုတ်ဆက်၊ ခင်မင်ဖို့ဝန်မလေးပေ။ ထို့ကြောင့် စောစောက အကြွေငါးဆယ်ဝင်ကူညီသူကို ခေါ့ကြည့်ပြီး မျက်လုံးချင်းအဆုံ၌ ပြုံးပြလိုက်၏။

ရတ်တရက်ပြုံးပြတာဆိုတော့ ငတိက ကြောင်နေသေးသည်။ ကြိုးကြာက သေချာသွားအောင် စကားပင် လှမ်းပြောလိုက်ပါသေးသည်။

"အကြွေကူညီတာ ကျေးဇူးပဲနော်"

"ဗျာ! ဩော် ... ဟုတ် ... ဟုတ်ကဲ့ ... ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com


ရှေ့မှတ်တိုင် ကြိုးကြာဆင်းသွားတော့ စင်ရော်ရင်တွေ ပြောင်းဆန်ကျန်ခဲ့သည်။

တစ်မျိုးတော့ တစ်မျိုးပဲ။

* * *


www.burmeseclassic.com

www.burmeseclassic.com

{ ၆ }

"မိန်းကလေးတစ်ယောက်က ပြုံးပြတာ ဘာဖြစ်လို့လဲ ဆောင်"

စင်ရော်ရဲ့ ကြောင်တောင်တောင်အမေးကြောင့် ထွန်းဆင့်နဲ့ကျော်မင်းဦးက ပြုံးပြုံးပြုံပြုံကြည့်တယ်။

ပြီးမှ ထွန်းဆင့်က ...

"ဘာဖြစ်ရမှာလဲ? ပါးစပ်ပါလို့ပြုံးပြတာပေါ့"

"အကောင်းမေးနေတာ ... မင်းခေါင်းက ဉာဏ်မမီရင် သည်း ဝင်မပြောနဲ့ ထွန်းဆင့်"

စင်ရော်နဲ့ထွန်းဆင့်ကတော့ အမြဲတမ်း ဒီလိုပါပဲ။ တွေ့ဆိုက်ရင် ခွေးနဲ့ကြောင်လိုကိုက်နေကြတာ။ ကျော်မင်းဦးက ...

"မသိဘဲ ပြုံးပြတာလား"



www.burmeseclassic.com

www.burmeseclassic.com


"အေးလေ၊ အဲဒါကြောင့် လေကုန်ခံပြောနေတာပေါ့၊ တစ်ယောက်နဲ့တစ်ယောက်သိလို့ပြုံးပြတာ အဆန်းမှမဟုတ်ဘဲ"

"မသိဘဲ ပြုံးပြတာဆိုရင်တော့ ... အင်း"

ကျော်မင်းဦးက မျက်စိမှိတ်ပြီး ခဏစဉ်းစားတယ်။ ပြီးမှ ခေါင်းတညိတ်ညိတ်လုပ်ရင်း ...

"ယဉ်ယဉ်လေးနဲ့ရူးနေတာပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် မင်းဆီက တစ်ခုခုလိုချင်လို့ပဲဖြစ်ဖြစ် ... "

"ဟော!"

"ဟုတ်တယ်လေ၊ အကြောင်းမရှိဘဲ ဘယ်မိန်းကလေးက ကိုယ်နဲ့မသိတဲ့ယောကျ်ားတစ်ယောက်ကို ပြုံးပြမှာလဲ"

"ဘတ်စ်ကားခအကြွေငါးဆယ်ခက်လို့ ငါ ကူညီပြီးပေးလိုက်တာတော့ရှိတယ်"

"ဟ! ကိုယ်နဲ့မသိတဲ့ မိန်းကလေးကို ငွေရေးကြေးရေး သွားကူညီမိလို့ကတော့ မျက်စောင်းထိုး၊ ရန်တွေ့တာတောင် ခံရဦးမယ်၊ ပြုံးပြဖို့ဆိုတာဝေးရော"

"အေး ... ဟုတ်တယ်၊ ငါလည်း အဲဒီအတိုင်းတွေးမိပါတယ်၊ ဘာရယ်မဟုတ် ပါးစပ်က လွှတ်ခနဲထွက်သွားပြီး ကူညီလိုက်မိတာ၊ ရန်တောင်မလားထင်ခဲ့တယ်၊ ဒါပေမယ့် အေးအေး ဆေးဆေးပဲ၊ နောက်မှ ဘာသဘောလည်းမသိဘူး၊ ငါ့ကို ပြုံးပြတယ်"

"ပိုက်ဆံငါးဆယ်လောက်နဲ့ပြုံးပြစရာအကြောင်းတော့ မရှိဘူးကွ၊ မသကာ စိတ်ထဲက မနေတတ်မထိုင်တတ် ကိုယ်ဟာ ကိုယ်မနေဘူးလို့တွေးရင်တောင် တွေးနေမှာ"


www.burmeseclassic.com

www.burmeseclassic.com


"မင်းပြောတာမှန်တယ် ကျော်မင်းဦး၊ ထွန်းဆင့်ဆိုတဲ့ ကောင် ဘာအသုံးကျလဲ? စားဖို့သောက်ဖို့၊ လည်ဖို့သွားဖို့လောက် ခေါင်းထဲရှိတာ"

"အောင်မာ ... ဆပ်ပြာဘူးထဲက ကံစမ်းမဲနှစ်ရာပေါက် တာရယ်၊ ကောင်မလေးပြုံးပြတာရယ်နဲ့ ကြီးကျယ်နေပြန်ပြီ၊ မင်း သာ အသုံးကျအောင်နေစမ်းပါ စင်ရော်ရာ"

စင်ရော်နဲ့ထွန်းဆင့် စကားများကြပြန်ဦးမယ်။ ပြီးရင် အိမ်ပေါက ဆင်းသူဆင်း၊ ဝုန်းဒိုင်းကျဲသူကျဲ။ ဘာမှလည်း ဟုတ် တာမဟုတ်ဖူး။ သုံးရက်ဆို ပြန်ရောက်လာပြီ။

"ဒါမှမဟုတ် ... မင်းကို ကြွေဆင်းသွားတာများလား စင်ရော်"

"ဟား ဟား ဟား ဟား"

အဲသလို ထအော်ရယ်လိုက်တာက ထွန်းဆင့်။ ထွန်းဆင့် က ရယ်နေရင်းမှ ...

"ပိုက်ဆံ ဘယ်နေရာက ဝင်မလဲ၊ ဘယ်လိုနည်းနဲ့ရှာရ မလဲဆိုတဲ့ လောဘ၊ ဒေါသ မောဟစိတ်တွေနဲ့ ဘီလူးရုပ်ပေါက်နေ တဲ့သူကို ဘယ်လို ကောင်မလေးက ကြွေဦးမှာလဲ? တစ်ခုပဲ မျှော် လင့်ချက်ရှိတယ်"

စင်ရော်နဲ့ကျော်မင်းဦးက ထွန်းဆင့်ဆက်ပြောလာမယ့် စကားကို စိတ်ဝင်စားပြီး နားစွင့်နေကြတယ်။ ထွန်းဆင့်က ...

"မင်းက ပြန်ပြီးကံစမ်းမဲနဲ့ဆွယ်ပေါ့ စင်ရော်၊ ကျွန်ုပ်အား စိတ်ဝင်စားမည်ဆိုပါက ကံစမ်းမဲအဖြစ် တစ်သက်တာ ထမင်း အလကားစားခွင့်လက်မှတ်အပြင်၊ ထမင်းချက်လွတ်ငြိမ်းခွင့်၊


www.burmeseclassic.com

www.burmeseclassic.com


အဝတ်လျှော်လွှတ်ငြိမ်းခွင့်၊ ဈေးဝယ်လျှင် ပိုက်ဆံလိုသလောက်ယူဆောင်သုံးစွဲခွင့်၊ အထူးအခွင့်အရေးမီးဖွားလွှတ်ငြိမ်းခွင့်လက်မှတ်တွေပေးမယ်လို့လေ၊ အဲဒါဆို စိတ်ဝင်စားနိုင်တယ်၊ ဟား ဟား ဟား ဟား"

* * *


www.burmeseclassic.com

www.burmeseclassic.com

{ ၇ }

ဟုတ်သည်။ ဟိုတစ်နေ့က ဘတ်စ်ကားပေါ်မှာတွေ့ခဲ့တဲ့ အကြွေငါးဆယ်အလှူရှင်။ သူမှ သူအစစ်။ မြင်ဖူးတာမကြာသေး၍ မှတ်မိသည်။ သူက ကြိုးကြာကိုမမြင်။ ထောင့်စားပွဲတွင် သူ့ သူငယ်ချင်းနှစ်ယောက်နှင့်ဘာတွေ တွက်ချက်နေမှန်း မသိ။

ကြိုးကြာက အသားပေါက်စီကို တစ်ကိုက်ကိုက်ရင်း စဉ်းစားသည်။ ပေါက်စီတစ်လုံးကို လေးရာ။ လက်ဖက်ရည်တစ်ခွက် နှစ်ရာ့ငါးဆယ်၊ ပေါင်းခြောက်ရာ့ငါးဆယ်။ စုထွေးနှင့်နှစ်ယောက်ဆိုတော့ တစ်ထောင့်သုံးရာ။

အမယ်လေး ... ပေါက်စီမစားရတာ ကြာ၍ စားချင်လွန်းလို့သာ စွန့်စားဝယ်စားရသော်လည်း စိတ်ထဲ နှမြောလှသည်။



www.burmeseclassic.com

www.burmeseclassic.com


စုထွေးသာမပါလျှင် ပိုက်ဆံကုန်မှာနမြော၍ စားဖြစ်ချင်မှ စားဖြစ်မည်။ ခုတော့ စုထွေးက ဘေးကနေ ...

"ပိုက်ဆံရှာပြီး မစားဘဲ ဘာလုပ်မှာလဲ၊ သေသွားရင်စားရဦးမှာလား၊ မကျန်းမာရင်ကော စားနိုင်မှာလား"

စသဖြင့် တရားပြကောင်းလွန်း၍ နားယောင်သွားသည်။

"တွေ့လား၊ ဒီဆိုင်က ပေါက်စီက အရမ်းကောင်းတယ်၊ အသားတွေလည်းများတယ်၊ ဘဲဥရော၊ ဝက်အူချောင်းရောပါတယ်၊ တန်တာပဲ"

စုထွေးပြောတာ မမှားပေ။ သို့သော် ... ပိုက်ဆံကို နမြောတာတော့ နမြောတာပဲဖြစ်သည်။ နမြော၊ နမြောနှင့်စားသောက်ရင်း ခေါင်းထဲ အကြံတစ်ခုပေါ်လာ၏။ ပေါက်စီဖိုးအကုန်သက်သာအောင် စွမ်းဆောင်ကြည့်လိုက်ဦးမည်။ မရတော့လည်း အရင်း၊ ရတော့လည်း အမြတ်ပေါ့။

"အင်း ... ဟုတ်ပြီ"

"ဟင်! ဘာဟုတ်တာလဲ ကြိုးကြာ"

ကိုယ့်အတွေးနှင့်ကိုယ် ပြောထွက်သွားတာကို စုထွေးက မေးသည်။ ကြိုးကြာက ပြန်မဖြေဘဲ သူပြောချင်ရာတွေကိုသာ အသံကျယ်ကျယ်ဖြင့်ပြောသည်။

"ငါတို့လမ်းထဲက ဒေါ်ဘဝင်လေ၊ သိတယ်မဟုတ်လား စုထွေး"

"အင်း ... ဟိုနိုင်ငံခြားသွားတဲ့ ဝိုင်းချစ်ရဲ့အမေ"

"အေး ... အဲဒီဝိုင်းချစ်ပေါ့၊ ဟိုဇာတ်မင်းသားကို အရမ်းကြိုက်တာလေ၊ အဲဒီမင်းသားပါတဲ့ဇာတ်ပွဲ သူတို့ရွာမှာ '၆' နေ


www.burmeseclassic.com

www.burmeseclassic.com


တာ၊ အဲဒါ သူ နိုင်ငံခြားရောက်နေတော့ မကြည့်ရဘူးပေါ့၊ ဒါနဲ့ သူ့ အမေကို ဖုန်းနဲ့လှမ်းမှာပြီး သွားကြည့်ခိုင်းတယ်တဲ့"

"ဟော့တော်၊ အံ့ပါရဲ့ ... အဲသလိုလူမျိုးရှိသေးတယ်"

ကြိုးကြာက ဟောင်ဖွာဖွာ၊ ကျယ်လောင်လောင်ပြောနေတာကို စုထွေးက လေသံတိုးတိုးကလေးနှင့်တအံ့တဩမေးသည်။

"အမလေး၊ ဒီထက်ပိုအံ့ဩစရာကို ဆက်ပြောပြမယ်နားထောင်"

ဒီနေ့မှ ကြိုးကြာအသံ မည်သည့်အတွက် ကျယ်လောင်နေရပါသနည်း။ ဆိုင်ထဲက တချို့စားပွဲမှလူတွေ ကွက်ကြည့်ကွက်ကြည့်လုပ်လာကြသည်။ စုထွေးရှက်နေသော်လည်း ကြိုးကြာက ဆက်ပြော၏။

"သူ့အမေကို အဲဒီဇာတ်ပွဲ သူ့ကိုယ်စားသွားကြည့်ခိုင်းရုံတင်မကဘူး၊ မင်းသားအတွက် ပန်းကုံးစွပ်ပြီး လက်စွပ်လေးတစ်ကွင်းပါဆုချပေးခိုင်းလိုက်သေးသတဲ့"

"ဟယ်"

စုထွေးက တကယ့်ကို တအံ့တဩဖြစ်သွားသည်။ ကြိုးကြာမှာ အသံမြှင့်ပြောနေသော်လည်း ထိုသူက သတိထားမိပုံမပေါ်။ သူ့သူငယ်ချင်းနှစ်ယောက်ကတော့ တစ်ချက်တစ်ချက်လှမ်းကြည့်သည်။

ကြိုးကြာအကြံက ထိုသူ ကြိုးကြာကိုမြင်၍ မှတ်မိသွားတာ ပြုံးပြလိမ့်မည်။ ကြိုးကြာကလည်း ပြန်ပြုံးပြမည်။ ထို့နောက် ခကြာခဏ မျက်လုံးချင်းဆုံအောင်လုပ်ပြီး တအားပျူငှါချိုသာခင်မင်ဟန်ပြလိုက်မည်။ ထိုအခါ အဲသည်လူက အားနာသွားပြီး


www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်မထိုင်နိုင်ပိုက်ဆံရှင်းသွားလိမ့်မည်။ ကြိုးကြာက ကျေးဇူး တင်စကားပြောလိုက်ရုံပါပဲ။

ခုတော့ ... ကြိုးကြာတို့ စားသောက်ပြောဆို၍ပြီးပြီ။ ထိုသူက မပြင်သေးပေ။ ကြိုးကြာ စိတ်လျှော့လိုက်ပြီး ပိုက်ဆံရှင်း တော့မည်ဟု စိတ်ကူးလိုက်ချိန်တွင် ထိုသူ့ဆီက စကားသံထွက် လာ၏။

"တောက် ... ကော်ဖီမစ်ကံစမ်းမဲဂဏန်းက ငါးဂဏန်း တစ်လုံးသာရရင် တစ်သိန်းပေါက်ပြီကွ၊ ငါးဂဏန်းလိုနေတယ်"

စင်ရော်မှာရှိတဲ့ ဂဏန်းက တစ်၊ ကိုးနှင့် နှစ်ဂဏန်းပဲမို့ ငါးဂဏန်းတစ်လုံးသာရပါက အလကားနေရင်း ငွေတစ်သိန်း ရပြီ။ ဒါကြောင့်လည်း ငါးဂဏန်းတစ်လုံးရဖို့ အဲဒီကံစမ်းမဲပါတဲ့ ကော်ဖီမစ်ကို ခဏခဏဝယ်ကာ အကုန်ဖောက်၊ ဖန်ပုလင်းထဲ ထည့်၊ လာသမျှဧည့်သည်ဖျော်တိုက်၊ မြန်မြန်ကုန်တော့ ထပ်ဝယ် ထပ်ဖောက်၊ အဲသလို သံသရာလည်နေခဲ့တာ။

ပိုက်ဆံကလည်း လိုချင်လွန်းလို့လားမသိ။ လိုက်လေ ဝေးလေဖြစ်နေသည်။ ခုလည်းကြည့်။ ငါးဂဏန်းတစ်လုံးကို စောင့် နေတာကြာပြီ။ လက်ဖက်ရည်ဆိုင်ထိုင်တာတောင် လက်ဖက်ရည် မသောက်ဘဲ ကံစမ်းမဲပါတဲ့ကော်ဖီမစ်ပဲ သောက်သည်။

စောစောက ကော်ဖီထုတ်ခွံကိုကြည့်ပြီး သူ့မှာ စုထားတဲ့ ဂဏန်းတွေနှင့်တွက်ကြည့်လိုက်တော့ တစ်သိန်းဆုမှာ ငါးတစ်လုံး ပဲ လိုတာတွေ့၏။ သို့နှင့် စင်ရော်ခမျာ မချင့်မရဲဖြစ်ပြီး ညည်းညူ ပြောဆိုမိခြင်းပင်။ ဘယ်လောက်ဒေါသဖြစ်၊ အသဲယားဖို့ ကောင်းသလဲ...ကဲ ...။



www.burmeseclassic.com

www.burmeseclassic.com


"ဒီလောက်ဝယ်သောက်နေတဲ့ကော်ဖီ၊ ငါးဂဏာန်းက ဘာလို့မပါရတာလဲ? ဟင်း ... တောက်"

စင်ရော်ရဲ့မချိတင်ကဲရေရွတ်ပြောဆိုသံကို တစ်ဖက်ဝိုင်းက ကြိုးကြာက ကောင်းကောင်းကြီး ကြားသွားသည်။ ကြားမှာပေါ့။ စင်ရော်ကို ကြိုးကြာက မြင်နေပြီး တစ်ချိန်လုံးသတိထားနေတာကိုး။

ဒါနဲ့ ... အဲသလိုကြားလိုက်တယ်ဆိုရင်ပဲ ကြိုးကြာက ဖြုန်းဆို ဝမ်းသာအားရထအော်လိုက်သည်။ ကြိုးကြာအသံလေးက တစ်ဆိုင်လုံးကိုလွှမ်းပြီး စူးစူးလေးထွက်ပေါ်လာ၏။

"ငါးဂဏာန်းတစ်လုံး ကျွန်မမှာရှိတယ်"

* * *


www.burmeseclassic.com

www.burmeseclassic.com

*  အချစ်တွင် ...
နိဂုံး၌
ဝေဒနာကိုလည်းကောင်း
ပျော်စရာကိုလည်းကောင်း မပေးပေ။

*  အချစ်၏
နိဂုံးတွင် ...
အချစ်ကိုသာ ပေး၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

{ ၈ }

ဤသို့ဤပုံဖြင့် စင်ရော်နှင့်ကြိုးကြာတို့ ဒုတိယအကြိမ် ပြန်လည်ဆုံတွေ့ခဲ့ကြသည်။ ထိုသို့ ဆုံတွေ့ခဲ့ခြင်းက တစ်သက် တာအတွက် လုံလုံလောက်လောက် အမှတ်တရဖြစ်စေခဲ့၏။

"တစ်ယောက်က စင်ရော်၊ တစ်ယောက်က ကြိုးကြာ နှစ်ယောင်စလုံးငှက်ပဲ"

"ငှက်နှစ်ကောင်ပေါ့"

"ငါသိတာကတော့ ငှက်နှစ်ကောင်ဆိုတာ မွေး၊ ဝဲ၊ ယားနာ အရေးပြားလိမ်းဆေးပဲ"

ထွန်းဆင့်နှင့်ကျော်မင်းဦးက အတိုင်အဖောက်ညီနေကြ သည်။ စင်ရော်က ...

"ဟိုနေ့က ငါပြောပြတဲ့ ... မသိဘဲ ပြုံးပြတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကောင်မလေးပဲပေါ့"

"ဩော်"

"မင်းဆီက ဘာလိုချင်လဲမသိဘူး စင်ရော် ... ကြည့်လုပ်"

"ပေးဦးမှာ၊ လိုချင်တာတွေ ပေးဦးမှာ"

ကျော်မင်းဦးစကားကို ထွန်းဆင့်က ဝင်လှောင်သည်။ စင်ရော်က ...

"သူလိုချင်တိုင်း ပေးရမှာလားကွ"

"ဟိုကယူမှာ သေချာနေတာပဲလေ၊ ခုပဲကြည့်၊ ငါးဂဏန်း တစ်လုံးနဲ့ငွေငါးသောင်း အလကားရတော့မယ်"

အဲဒီနေ့က လက်ဖက်ရည်ဆိုင်ထဲမှာ ကြိုးကြာအော်သံကြောင့် အားလုံးတအံ့တဩဖြစ်သွားကြသည်။ ထို့နောက် စင်ရော့်မှာ အလွန်အမင်း ဝမ်းသာသွား၏။ ဂဏန်းတစ်လုံးနှင့်အရှုံးပေးရတော့မည့်ကံစမ်းမဲ မဟုတ်လား။ တိုက်ဆိုင်မှုက ထူးဆန်းလှသည်။

ငါးဂဏန်းပိုင်ရှင်ကောင်မလေးမှာ သူ့ ငါးဆယ်ကူညီခဲ့ဖူးသောကောင်မလေးဖြစ်နေသည်။

"ငါးဂဏန်းတစ်လုံးတည်းနဲ့တော့ ငါးသောင်းမပေးနိုင်ပါဘူး၊ ဂဏန်းလေးလုံးတစ်သိန်းဆိုတော့ တစ်လုံးကိုနှစ်သောင်းခွဲပဲ ပေးနိုင်မယ်"

စင်ရော်က မေးစေ့ကအမွေးငုတ်စိလေးတွေကို လက်နှင့်စမ်းရင်း စဉ်းစဉ်းစားစားပြောသည်။ ကျော်မင်းဦးက ...

"ဟ! အဓိပ္ပါယ်မရှိတာ၊ အဲဒီကောင်မလေးဆီက ငါးဂဏန်းတစ်လုံးမရရင် မင့်ဂဏန်းသုံးလုံးရှိတာကို အဲဒီကဗွေ ...



www.burmeseclassic.com

www.burmeseclassic.com


ခုနှစ်သောင်းခွဲပေးမှာမှ မဟုတ်တာ”

“အေးလေ၊ ကျော်မင်းဦးပြောတာဟုတ်သားပဲ စင်ရော်၊ ထုံးစံအတိုင်းဆို တစ်ယောက်တစ်ဝက်ဆိုပေါ့”

“ဟော့အေး၊ သူ နှစ်သောင်းခွဲအလကားရတာ စောဒက တက်လို့ရမလား”

“ဩော ... အဲဒီကောင်မလေးဆီက ငါးတစ်လုံးမရရင် ခင်းလည်း တစ်ပြားမှ ရမှာမှမဟုတ်တာ”

“ဟုတ်သားပဲ စင်ရော်၊ တစ်ဝက်ပေးမှ တရားမှာပေါ့”

“မဟုတ်ဖူး၊ ငါ့မှာက ဂဏန်းသုံးလုံးရှိတာ သုံးပုံနှစ်ပုံယူရမှာပဲ၊ ငါ ဒီကော်ဖီဖိုးတွေ ရင်းနှီးထားတာများလှပြီ”

ထွန်းဆင့်နှင့်ကျော်မင်းဦးက ခေါင်းကို အသာရမ်း နေကြလေ၏။

* * *


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

{ ၉ }

ကြိုးကြာတစ်ယောက် အူမြူးနေသည်။ မြူးမှာပေါ့။ လက်ဖက်ရည်နှင့်ပေါက်စီဖိုးကို စင်ရော်က ရှင်းပေးတဲ့အပြင် အလကားနေရင်း ပိုက်ဆံငါးသောင်း ထပ်ရဦးမည်မဟုတ်လား။

“ဒါကြောင့် ဒေါ်လေးကိုပြောတာပေါ့၊ ကော်ဖီမစ်ကို များများဝယ်ပါလို့ ... ပြီးတော့ ... တစ်ဝက်မဟုတ်ဘဲ တစ်ထုတ်လုံးတိုက်သင့်တယ်”

မူယာက ကြိုးကြာကို အကြံပေးသည်။ ဒီလိုငွေကုန်မည့် အကြံမျိုးကတော့ ကြိုးကြာတို့က လားလားမှလက်မခံပေ။

“ဟဲ့ ... များများဝယ်တော့ များများပိုက်ဆံကုန်တာပေါ့”

“ဘယ်ဟုတ်မလဲ ဒေါ်လေးရဲ့ ... များများသာဝယ်သောက်ခဲ့ရင် ဂဏန်းလေးလုံးစလုံးစုံနိုင်တယ်၊ တစ်ဝက်မဟုတ်ဘဲ အပြည့်



www.burmeseclassic.com

www.burmeseclassic.com



ရတာပေါ့"

ဒီတစ်ခါ မာယာက ဝင်ပြောခြင်းဖြစ်သည်။

"တော်စမ်းပါ၊ မသေချာတဲ့အလုပ်၊ ငွေနောက်ကို ငွေကုန်ခံပြီး လိုက်စရာမလိုပါဘူး၊ ပိုက်ဆံဆိုတဲ့အမျိုးက ဝင်ချင်ရင် ခုလိုပဲ ကြံဖန်ဝင်တတ်တာ"

ကြိုးကြာအသံက ဟောင်ဖွာဟောင်ဖွာဖြစ်နေသည်။ ဖြစ်မှာပေါ့။ အလကားရမည့်ကိစ္စရှိနေတာကိုး။ တော်တော့်ကို အမြင်ကပ်စရာကောင်းတဲ့ကြိုးကြာဟု စုထွေးကတွေးသည်။ ပြီးမှ မနေနိုင်မထိုင်နိုင် တစ်ခွန်းတော့ ဝင်ပြောမိလိုက်၏။

"ငါးစာပဲမက်မနေနဲ့ ... ငါးမျှားချိတ်လည်း သတိထားဦး ကြိုးကြာ"

"မပူပါနဲ့ ညီမလေးစုထွေးရယ်၊ တို့က ကလေးလေး မဟုတ်ပါဘူး"

အဲဒါသာကြည့်။ တစ်နှစ်တည်းကျောင်းပြီးကာ ကြိုးကြာက စုထွေးထက်နှစ်လလောက်ကြီးတာကို အစ်မကြီးစတိုင်ကလဲ ဖမ်းတတ်သေးသည်။ ယခုလို အချောင်ပွပေါက်တိုးတဲ့အချိန်မျိုးဆို ပိုတောင် အစ်မကြီးလုပ်ချင်သေး၏။

"ဒါနဲ့ ... ငါးဂဏာန်းပါတဲ့ကော်ဖီမစ်အိတ်ခွံကို ဒီအိမ်လာယူလို့မပြောဘဲ မနေ့က လက်ဖက်ရည်ဆိုင် ဘာလို့ချိန်းလိုက်တာလဲ ကြိုးကြာ"

စုထွေးအမေးကို ကြိုးကြာက အ,ရန်ကောဆိုသော အကြည့်ဖြင့် မျက်မှောင်ကုပ်ကြည့်သည်။ ပြီးမှ ...

"နင်ဟာလေ ... ပါးရည်နပ်ရည်ကိုမရှိဘူး၊ အတော့်ကို



www.burmeseclassic.com

www.burmeseclassic.com



မိန်းတာပဲ စုထွေး"

"အင် ... ဖြစ်ရပြန်ပြီ"

"အိမ်ကိုလာဖို့ခေါ်ရင် ကော်ဖီ၊ အအေး၊ မုန့်တစ်ခုခုနဲ့ ညှော်ခံရတော့ ငါ့ပိုက်ဆံကုန်တာပေါ့ဟဲ့ ... လက်ဖက်ရည်ဆိုင်ဆို တော့ သူ ညှော်ခံလိမ့်မယ်၊ သူက ယောကျ်ားလေး"

"ဟော့တော်၊ ဖြစ်မှဖြစ်ရပလေ ကြိုးကြာရယ်"

"အဲဒီဒေါ်လေးဟာလေ၊ သိပ်စိတ်ပျက်ဖို့ကောင်းတာပဲ"

"ဟုတ်တယ်၊ မူယာတော့ ဒေါ်လေးအစားရှုက်တယ်"

"ဟော့ ... ရှက်ရင် လဲသေလိုက် ... ပိုက်ဆံရှာရတာ လွယ် တယ်ထင်လို့လား ဟင်? ညည်းတို့မိဘတွေက ဘာတွေဘယ် လောက်များ ပုံပေးထားလို့လဲ? မွေးရုံမွေးပြီး ကျွေးရတာ ငါဟဲ့၊ ယောဒီက ကျွန်မကြီးဟဲ့၊ ဟွန်း"

"ကဲ ... တော်ပါတော့ ကြိုးကြာရယ်၊ မဟုတ်တဲ့စကား တွေရောက်ကုန်ပြီ၊ ကလေးတွေနဲ့တုပြီး"

ကြိုးကြာဆိုတာ ပိုက်ဆံနှင့်ပတ်သက်လာရင် အဲသလို မိန်းမမျိုး။

ဘယ်လိုယောကျ်ားမျိုးနဲ့များ ရမလဲတော့မသိဘူး။

* * *



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

{ ၁၀ }

"ကျွန်မဘက်ကတော့ စကားကုန်ပြီ၊ တစ်ဝက်မှမရရင် ကျွန်မဆီမှာရှိနေတဲ့ ငါးကဏန်းတစ်လုံးကိုမပေးနိုင်ဘူး၊ ဒါပဲ"

ကြိုးကြာက စကားကို အပြတ်ဖြတ်လိုက်သည်။ ဒီလို လူလည်ကျတာမျိုးကိုတော့ နည်းနည်းမှမခံနိုင်ပါ။

"ခင်ဗျားဗျာ၊ နှစ်သောင်းခွဲအလကားရမယ့်ကိစ္စ ကတ်သတ်နေတယ်၊ ကျွန်တော်က ဂဏန်းသုံးလုံးပိုင်ထားတဲ့လူဗျ"

"ရှင့်ဖာသာ ဘယ်နှစ်လုံးပိုင်ပိုင် အလုံးရေမပြည့်စုံရင် အလကားပဲလေ၊ အလကားရတာချင်းအတူတူ လာမညစ်နဲ့၊ ဟွန်း"

စင်ရော် တော်တော့်ကို အသည်းယားသွားသည်။ နှုတ်ခမ်း အချွန်ချွန်ဖြင့် ပြောနေသော ကြိုးကြာဆိုတဲ့ကောင်မလေးက နည်းနည်းမှလျှော့မည့်ပုံမပေါ်ပါ။



www.burmeseclassic.com

www.burmeseclassic.com


"ဒီလိုလုပ်ဗျာ၊ သုံးသောင်းထိတိုးပေးမယ်၊ အဲသလောက်ဆို ကျေနပ်တော့"

"စကားကုန်ပြီလို့ စောစောကပဲ အပြတ်ပြောပြီးပြီလေ၊ ရှင်က ဉာဏ်ကောင်းမလိုလိုနဲ့တော်တော့်ကိုတုံးတာပဲ၊ ပြောရတာလေကုန်တယ်"

အောင်မလေးဗျာ။ အရေးထဲ အလကားရတဲ့လေတောင်နှမြောတွန့်တိုနေတဲ့သူနဲ့လာတွေ့နေသေးတယ်။ စင်ရော်လည်းနည်းနည်းလောက်ဖြစ်ဖြစ်ပြန်ညစ်ချင်တာနှင့် ...

"ဒါဆို ကျွန်တော်လည်း စဉ်းစားလိုက်ဦးမယ်၊ မဝိတ်ရက်လိုသေးတာပဲ၊ ခင်ဗျားကို ဖုန်းဆက်ဖို့ ဖုန်းနံပါတ်တော့ပေးထား"

ဒါလောက်တော့ ကြိုးကြာတို့က သိပ်ဖြစ်တာပေါ့။ ဖုန်းနံပါတ်ပေးတာတောင် အထက်စီးက အကြောကြီးနှင့်ပေးလိုက်သည်။

"ရော့ ... သေချာစဉ်းစားဆုံးဖြတ်ပြီးပြီဆိုမှဆက်၊ ဒီကိုလာရတာ လမ်းစရိတ်ကုန်တယ်၊ အကြွေငါးဆယ်မရှိရင် တစ်ရာပေးရတာ၊ ဟွန်း"

"ကျွန်တော့်မှာ အကြွေတွေမှ အများကြီးပါဗျာ၊ ရော့ ခင်ဗျားလိုသလောက်ယူသွား"

အကျိုးအမြတ်မရှိဘဲ လမ်းစရိတ်ကုန်ရတာတွေးပြီး နှမြော၍ မကြည်မလင်ဖြစ်နေသော ကြိုးကြာက အကြွေရသောအခါ လေသံပြောင်းသွားသည်။

"အဟင်း ... ကျွန်မက လေးငါးဆယ်နှမြောလို့မဟုတ်ပါဘူး၊ ကားစပယ်ယာတွေက သူတို့ဆီမှာ အကြွေတွေရှိလည်း


www.burmeseclassic.com

www.burmeseclassic.com


အေမ်းဘဲ ဝှက်ထားတာကို ခံပြင်းလို့ပါ"

"အင်းလေ၊ အဲဒါမျိုးတော့ ကျွန်တော်လည်း မခံချင်ဘူး၊ ဒါနဲ့ ... ခင်ဗျား အအေးသောက်သွားဦးလေ၊ ရာသီဥတုက ပူလာပြီ မဟုတ်လား"

"အဟောင်း၊ ပူတာထက် စကားပြောဆိုရတာ အာခြောက်တော့ 'ကိုလာ'လေးသောက်လိုက်ရမှ နေသာထိုင်သာရှိသွားမယ် ထင်တယ်"

ကြိုးကြာတို့က ဘယ်လောက်ပူပူ၊ ဘယ်လောက်မောမော ကိုယ့်ပိုက်ဆံနဲ့ကိုယ်ဆို လေးငါးခြောက်ရာတန်အအေးမပြောနဲ့ သုံးရာတန်တောင် နှမြောလို့ ဝယ်သောက်တာမဟုတ်ဖူး။

ခုတော့ ... အအေးဖိုးလည်းမကုန်၊ ဆမ်းစရိတ်လည်း မလျော့ဆိုတော့ အချိန်လေးနည်းနည်းကုန်တာကလွဲရင် တွက်ချေတော့ အကိုက်သား။

စင်ရော်ဆိုတဲ့လူက အဲသလိုသဘောကောင်းရက်ရောရဲ့သားနဲ့ ဘာမဟုတ်တာလေးကျမှ ကတ်သတ်ဈေးဆစ်နေသည်။

ကြိုးကြာတို့က ဘာမှအလကားမရလည်းနေ၊ ကိုယ့်အိတ်ထဲကမကုန်ရင် ပြီးတာပဲ။

ဒါကြောင့်လည်း ခုလို လေသံမာနိုင်တာပေါ့။

* * *


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# { ၁၁ }

နောက်ဆုံးတော့ ကြိုးကြာဆိုတဲ့ ငတိမလေးကို စင်ရော် အရှုံးပေးလိုက်ရတယ်။ အရှုံးပေးရမှာပေါ့။ ငါးဂဏန်းတစ်လုံးရဖို့ သတ်မှတ်ကံစမ်းမဲကာလထိ အဲဒီတံဆိပ်ကော်ဖီမစ်ကို ဝယ် သောက်ပေမယ့် ငါးဂဏန်းမပါဘူး။

ဒါပေမယ့် ... ဘယ်လိုဖြစ်ဖြစ်အရှုံးပေးပျော်ပါတယ်။ ကြိုးကြာနဲ့ဆုံခွင့်ရခဲ့တာဟာ သူ့ဘဝတစ်သက်တာအတွက် အကောင်းဆုံး၊ တန်ဖိုးအရှိဆုံးကံစမ်းမဲလေးရရှိခဲ့တာပါပဲ။

ခုနေ ... ကော်ဖီမစ်ထဲက အမြင့်ဆုံးပေါက်မဲ ဆယ်သိန်း ပေးမယ်ဆိုရင်တောင် ကြိုးကြာနဲ့မလဲနိုင်ပါဘူး။

ဒါကို ဟိုကောင်တွေသိတော့'အတော့်ကို အားပေးကြပါ တယ်။ ထွန်းဆင့်က ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းက အချစ်အတွက် ရင်ခုန်တာတောင် ကံစမ်းမဲလေးနဲ့ တွဲရက်ပဲကိုး"

"ပြီးမှသာ ကံစမ်းမဲလက်မှတ်မပျောက်စေနဲ့ စင်ရော်"

ကျော်မင်းဦးကပါ ရွဲ့သလို၊ စောင်းသလို ဝင်ပြောတယ်။

"မင်းတို့ကလည်းကွာ၊ အဲဒီကံစမ်းမဲစကား ထားလိုက်စမ်းပါ၊ ဂျစ်တစ်တစ်နဲ့အတော်ချစ်စရာကောင်းတဲ့ကြိုးကြာလေးကွ၊ သူ့ဆီက ဘာကံစမ်းမဲမှ မရလည်း ချစ်မှာပဲ"

"ဩော် ဩော်၊ ဒါတော့ တယ်ဟုတ်ပါလား"

"အချစ်က ဆန်းတော့အဆန်းသားပဲ၊ ကံစမ်းမဲပါလို့ကတော့ **Eva** တောင်ဝယ်ပြီး အိမ်သာစက္ကူအဖြစ် ဝယ်သုံးမယ့်မင်းလိုကောင်ကများ"

"ထွန်းဆင့် ... ထွန်းဆင့်၊ မင်းဟာလေ ငါချက်ကျွေးတဲ့ထမင်းစား၊ ငါဝယ်သမျှပစ္စည်းအကုန်ယူသုံးပြီးပြောလိုက်ရင် အားမနာလျှာမကျိုးနဲ့ ... ကံကြီးထိုက်ဦးမယ်"

စင်ရော်က ပါးစပ်ကသာ အဲသလိုပြောနေပေမယ့် လက်က **Oki** ဆပ်ပြာကရင်မ်ဘူးက ကံစမ်းခဲခြစ်မဲကို လက်သဲနဲ့ခြစ်နေတယ်။

"**Thank You** မလိုချင်ဘူးနော်၊ ပိုက်ဆံပဲလိုချင်တယ် ပိုက်ဆံပဲပေါက်"

ကျော်မင်းဦးက စင်ရော်ကို တရားကျတဲ့မျက်လုံးနဲ့ကြည့်ပြီး ခေါင်းကို ဖြည်းလေးစွာရမ်းတယ်။ ပြီးမှ ...

"ပေါက်လည်းနှစ်ရာပေါ့ကွာ၊ မက်လောက်စရာ"

"ဟာ! နှစ်ရာဆိုလည်း ငါးရာပေးဝယ်ရမယ့်နေရာ နှစ်ရာ



www.burmeseclassic.com

www.burmeseclassic.com


ပေါက်တော့ သုံးရာပဲပေးရတော့တာပေါ့”

“ခေတ်ပုံဆယ်ပုံရိုက်ရင် တစ်ပုံအပိုကံစမ်းမဲပေးတယ်တဲ့ မင်းသွားရိုက်ပါလား စင်ရော်၊ တစ်ပုံအပိုရ နည်းလား”

ထွန်းဆင့်က ဝင်ပြောတယ်။

ကျော်မင်းဦးက တစ်စုံတစ် ရာကို ဖြုန်းခနဲ သတိရဟန်နဲ့ ကောက်ခါငင်ခါပြောလိုက်တာက ...

“ငါ ခုမှသတိရတယ် စင်ရော်၊ မင်းကိုပြောဖို့မေ့နေလို့”

“ဘာလဲ?”

“ဟိုဆေးခန်းတစ်ခုမှာ ကြော်ငြာထားတာတွေ့တယ်၊ လိပ်ခေါင်းရောဂါဖြစ်လို့ဖြတ်ရင် တခြားတစ်ခုပါ ကံစမ်းမဲအဖြစ်အပို ဖြတ်ပေးတယ်တဲ့၊ မင်း သွားဖြတ်ပါလား စင်ရော်”

“...........”

အဟုတ်မှတ်လို့ နားထောင်နေတဲ့ စင်ရော်၊ နင်သွားတာပေါ့။ ကျော်မင်းဦးကို တစ်တစ်ခွခွဆဲပစ်လိုက်တယ်။ ထုံးစံအတိုင်း သူများကိုပြောရမယ်ဆိုရင် နှစ်ယောက်မရှိတဲ့ထွန်းဆင့်က တခွီးခွီး နဲ့ ရယ်နေတယ်။

“ဟား ဟား၊ အစ်အစ်၊ ခွိ ခွိ”

“ရယ်သံကိုက ကျက်သရေမရှိဘူး၊ အေး ... ခေါင်းဝယ် ပြီး အပိုတစ်လုံးကံစမ်းမဲရရင် မင်းကိုပေးမယ် ထွန်းဆင့်၊ ကြား လား ဟောကောင်”

* * *


www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

{ ၁၂ }

ကြောင်လေးတစ်ကောင် ဘယ်ကရောက်လာသလဲမသိဘူး။ အိမ်ထဲဝင်လာတာနှင့်မူယာ၊ မာယာညီအစ်မရယ်၊ စုထွေးရယ်က ထမင်းကျွေး၊ ငါးခေါင်းကျွေး ခေါ်မွေးထားကြသည်။ ကြောင်နာမည်ကိုလည်း ချစ်စရာပေးထား၏။

ဒါကို ကြီးကြာက ...

"ချီးယိုသေးပေါက်နဲ့အလုပ်ရှုပ်ခံပြီး မမွေးကြစမ်းပါနဲ့ဟယ်"

"အမလေး၊ နင် ဘယ်နှစ်ခါများကျုံးရလို့လဲ ကြီးကြာရယ်၊ အပိုမပြောစမ်းပါနဲ့"

"မလုပ်ရလည်း အချိန်တန်ကျွေးရမွေးရတာပဲ"

"ဟဲ့ ... ကြောင်စာ ဘယ်လောက်ကုန်မှာလဲ၊ ကဲ ... ငါ



www.burmeseclassic.com

www.burmeseclassic.com



စားတဲ့ထမင်းထဲက တစ်လုတ်ကျွေးမယ်၊ ကြောင်က အဲသလောက်တောင်မကုန်ဘူး"

"ဟုတ်သားပဲ ဒေါ်လေးကလဲ၊ မူယာတို့ထဲက ကျွေးမယ်၊ ကြောင်လေးကချစ်စရာလေး"

"သူများတွေဆို ယိုးဒယားအမွေးပွကြောင်လေးတွေ ပိုက်ဆံပေးဝယ်မွေးကြရတာ၊ မာယာ့သူငယ်ချင်းအိမ်မှာတောင် ရှိသေးတယ်"

"အမလေး၊ ငွေအလကားဖြုန်းတဲ့အလုပ်တွေ၊ နိုင်ငံခြားကြောင်ဆို ကြောင်စာဖိုးက ကုန်ဦးမယ် ... ဟွန့်"

မူယာ၊ မာယာက သူ့ဒေါ်လေးကို နှာခေါင်းရှုံ့သည်။ စုထွေးကတော့ ဒီသူငယ်ချင်းအကြောင်းသိပြီးသားမို့ ဘာမှကို ထပ်မပြောချင်တော့ပါ။ မပြောချင်ဘူးဆိုပေမယ့် မပြောဘဲ မနေနိုင်အောင် ကြိုးကြာလုပ်ပုံတွေက လွန်လွန်လာသည်။

ကြိုးကြာက သူ့အိပ်ရာပေါ် ကြောင်တက်အိပ်လျှင်လည်း ရိုက်၊ ကြွက်ခုတ်ပြီး ခုတင်အောက်ဝင်စားတာတွေ့လည်းရိုက်၊ တိရစ္ဆာန်ဘာဝ တညောင်ညောင်အော်လျှင်လည်းရိုက်၊ ချစ်စရာနှင့် မျက်နှာချင်းဆိုင်ပြီဆိုကတည်းက အရိုက်ဇာတ်လမ်းစတော့သည်။

သို့နှင့် ချစ်စရာတစ်ယောက် အဲလေ ... ချစ်စရာတစ်ကောင် စိတ်ကောက်သွားတာလား။ စိတ်ဆိုးသွားတာလားမသိ။ နှစ်ရက်သုံးရက်ပေါ်မလာဘဲ ပျောက်ချက်သားကောင်းနေ၏။

"နင်ဟာ အကြင်နာတရားမရှိတဲ့မိန်းမပဲ ကြိုးကြာ"

"အန်တီစုထွေးပြောတာဟုတ်တယ်၊ ဒေါ်လေးကြောင့် ချစ်စရာထွက်ပြေးသွားတာနေမှာ"



www.burmeseclassic.com

www.burmeseclassic.com


"သနားပါတယ်၊ ဘယ်များရောက်နေရှာပြီလဲ မသိဘူး"

အားလုံးက ကြိုးကြာကို ဝိုင်းပြောကြသည်။ ငိုတဲ့သူက ငို၊ မှိုင်တဲ့လူကမှိုင်နှင့် ချစ်စရာကို တကယ်မတွေ့တော့ ကြိုးကြာလည်း စိတ်မကောင်းဖြစ်ရသည်။ ကိုယ်က စိတ်ပုတ်ကြီးနှင့်တမင် နှိပ်စက်ခဲ့တာမျိုးတော့ မဟုတ်။

"ငါက မူယာနဲ့မာယာကို ဆုံးမသလို နည်းနည်းလေး ဆုံးမမိတာပါဟယ်၊ ရိုက်တယ်ဆိုတာကလည်း အားအင်ကြီးနဲ့ မရိုက်ပါဘူး၊ တင်ပါးလေးအသာရိုက်တာပါ၊ နင်တို့ကြောင်ကိုက အကဲဆတ်လွန်းတယ်"

ကြိုးကြာတို့တစ်တွေ ချစ်စရာအိမ်ပြန်မလာလို့ ခေါင်းချင်းရိုက်နေကြချိန်မှာပဲ အိမ်ရှေ့ကို လူတစ်ယောက်ရောက်လာသည်။

ထိုသူကား ကြိုးကြာအတွက် ကံကောင်းခြင်းတွေကို အမြဲတစေယူလာပေးသူဖြစ်၏။

* * *


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

{ ၁၃ }

"ဟယ် ... ကိုစင်ရော်၊ ဘယ်ကနေ မျက်စိလည်လမ်းမှားပြီး ရောက်လာတာလဲ"

ကြိုးကြာတို့က ပေးမည့်ကျွေးမည့်သူဆိုလျှင် လေသံက ထိုသို့ညွတ်ပျောင်းချိုသာနေတတ်သည်။

"ဒီကိုပဲ တမင်လာတာ၊ ဘာတွေတိုင်ပင်နေကြတာလဲ? ကျွန်တော်လာလို့ အနှောင့်အယှက်ဖြစ်သွားပြီလား၊ ပြောလက်စစကားတောင် ရပ်သွားတယ်"

"အို ... မဟုတ်ပါဘူး၊ ရပါတယ်၊ အိမ်ကကြောင်လေးအကြောင်းပြောနေကြတာ၊ ပြန်မလာတာနှစ်ရက်သုံးရက်ရှိလို့ စိတ်ပူပြီးပြောနေကြတာ၊ ပျောက်သွားပလားတောင်မသိဘူး"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com


"အဲဒါလေ ... ပျောက်သွားတာသေချာရင်တော့ အိမ်က ကလေးတွေအတွက် ယိုးဒယားအမွှေးပွကြောင်လေးတစ်ကောင် လောက် အစားထိုးဝယ်ပေးမလားလို့ ... ဟင်း ဟင်း ဟင်း"

ဘာမှလည်း ရယ်စရာမပါဘဲ ကြိုးကြားက အသံကို မျှဉ်း ပြီးရယ်သည်။ အကြောင်းသိမို့ စုထွေးက အမြင်ကပ်မျက်စိစပါး မွှေးစူးလှ၏။ စုထွေးကိုပါရော၍ ကလေးတွေဟုပြောပုံက မုန်းစရာ။

မူယာနှင့်မာယာကလည်း သူ့ဒေါ်လေးအကြောင်းသိ၍ အိုဗာအိုက်တင်တွေဆိုတာ မုန်းဆပြီးပြီ။ ဈေးကြီးပေးဝယ်ရမည့် ယိုးဒယားအမွှေးပွကြောင်လိုဟာမျိုးဝယ်ပေးဖို့နေနေသာသာသုံးလေး ရာတန်ကြောင်ရုပ် ကီးချိန်းလေးတစ်ခုတောင် ဝယ်မပေးတဲ့သူက များ ... ဟင်း။

"နှစ်ရက်သုံးရက်ပြန်မလာတာဆိုရင်တော့ ပျောက်သွား တာသေချာလောက်တယ်၊ မပူပါနဲ့ ... ကျွန်တော့်မိတ်ဆွေဆိုင်မှာ မွှေးပွကြောင်လှလှလေးတွေရှိတယ်၊ လက်ဆောင်အဖြစ် အမှတ် တရဝယ်ပေးပါ့မယ်"

"ဟယ် ... အားနာစရာကြီး ကိုစင်ရော်ရယ် ဟင်း ဟင်း"

"ရပါတယ်ဗျာ၊ အချင်းချင်းတွေပဲ၊ ဒါလောက်လေးက အရေးမကြီးပါဘူး၊ ဟဲ ဟဲ"

"ဟယ် ... စုထွေးရယ်၊ ဧည့်သည်အတွက် ကော်ဖီလေး မုန့်လေးလုပ်ပေးပါဦး"

"ဟာ ... မလုပ်နဲ့၊ ကျွန်တော်က ကော်ဖီမကြိုက်ဘူး လက်ဖက်သုပ်တော့ ကြိုက်တယ်"


www.burmeseclassic.com

www.burmeseclassic.com


"လက်ဖက်သုပ်ကောင်းကောင်းလေး စုထွေးသုပ်ပေးပါ့မယ်၊ ခဏလေးနော် ကိုစင်ရော်"

"စုထွေးအလုပ်ရှုပ်ကုန်ပြီ"

"ရပါတယ် ကိုစင်ရော်ရယ်၊ ကိုစင်ရော်ကျွေးတာတွေ စားတာများနေပြီ"

"ဟာ ... မဟုတ်တာဗျာ၊ အဲဒီလိုသဘောမထားပါနဲ့၊ စုထွေးရဲ့"

စုထွေးကတော့ အမှန်ပင် အားနာသည်။ သူက ကြိုးကြာလို မျက်နှာမပြောင်ပါ။ မူယာနှင့်မာယာက ကြက်သွန်ဖြူ ကူသင်ပေးမည်ဆိုကာ စုထွေးနောက် လိုက်လာကြသည်။ ဧည့်ခန်းမှာ စင်ရော် နှင့်ကြိုးကြာ ကျန်ခဲ့၏။

"ဒါနဲ့ ကိုစင်ရော် ကိစ္စတစ်ခုခုရှိလို့လား? ဒါမှမဟုတ် အလည်သက်သက်လာတာပဲလား"

"အဲ ... နှစ်ခုစလုံးဟုတ်တယ်၊ အလည်လာရင်းပြောစရာလေးလည်းရှိလို့"

"ဘာများပါလိမ့်"

"အလကားနေရင်း ပိုက်ဆံဝင်မယ့်အစီအစဉ်တစ်ခု တွေ့ထားလို့ ကြိုးကြာရဲ့"

"ဟင်' ဟုတ်လား၊ အဲဒါ ကျွန်မနဲ့ဘယ်လိုပတ်သက်နေလို့လဲ"

"ပတ်သက်ချင်ရင် ပတ်သက်လို့ရလို့ပေါ့၊ ကြိုးကြာသာ ကူညီရင် သေချာပေါက် ပိုက်ဆံရမှာ"

"သိပ်ခက်ခက်ခဲခဲကြီးလား၊ ဟို ... ကျွန်မ ကူညီနိုင်တဲ့


www.burmeseclassic.com

www.burmeseclassic.com



ကိစ္စဆို ကူညီပါ့မယ်"

"ဘာမှမခက်ဘူး၊ လူ မကြောက်ဖို့ပဲ အရေးကြီးတယ်"

"ရှင်၊"

* * *



www.burmeseclassic.com

www.burmeseclassic.com

{ ၁၄ }

"နှစ်ယောက်ပေါင်းတော့ လောင်းကျော်ဆိုတာ ဒါမျိုးပြောတာပေါ့ကွ"

"မဟုတ်ဖူး၊ ငှက်နှစ်ကောင်ပေါင်းပြီး လက်လက်ထတာ"

ထွန်းဆင့်နဲ့ကျော်မင်းဦးက စင်ရော်ကို အသေဖွဲ့နေကြတယ်။ ဒီကောင်တွေအကျင့်က ဒီလိုပါပဲ။ သူ ရှာလို့ဖွေလို့ရလာရင်တော့ ပါးဖြဲနားဖြဲဝိုင်းတွယ်တတ်ကြပြီး အပြစ်ပြောရမယ်၊ ကဲ့ရဲ့ရမယ်ဆိုရင်တော့ ထိပ်တန်းသမားတွေ။

"ဟိုကောင်မလေးကလည်း မင်းပြောသမျှ အကုန်လိုက်လုပ်တာပဲလားစင်ရော်၊ အတော်အံ့သြဖို့ကောင်းတယ်"

"စင်ရော့်လို ငွေငမ်းငမ်းတက် လိုချင်တဲ့သူပဲနေမှာပေါ့"

"နိုး နိုး၊ ဒါတော့ မင်းတို့ထင်တာမှားပြီ၊ သူက သူ့ဖာသာ



www.burmeseclassic.com

www.burmeseclassic.com



သူနေတာ၊ ငါက မနည်းမဲဆွယ်မှ လိုက်လျောတာ"

"ဆုရတော့ တစ်ယောက်တစ်ဝက်ပေါ့ ဟုတ်လား"

"ဒါပေါ့ဟ! ဒီဆုက ငါတစ်ယောက်တည်း သွားပြိုင်လို့ ရမှာမှမဟုတ်တာ"

"လျှောက်လွှာဖိုးတွေ၊ ဒီဇိုင်းခ၊ အဝတ်အစားဖိုး၊ အလှပြင် ကုန်ကျစရိတ်အားလုံး မင်းပဲအကုန်ခံတာပေါ့"

"အင်းလေ၊ ငါက ပြိုင်ချင်တာကိုး"

"ဘာပဲဖြစ်ဖြစ်၊ ဆုရတော့ တစ်ယောက်တစ်ဝက်ခွဲယူပြီး ကုန်ကျထားတာတွေအတွက် တစ်ဝက်ပြန်တောင်းလေ"

"မလုပ်ပါနဲ့ကွာ၊ ကူညီပေးတာတောင်လွန်လှပြီ"

"ဟ! ဒါတော့ သူ့အိတ်ထဲက တစ်ပြားမှမကုန်ဘဲ ငွေ တစ်သိန်းခွဲလောက် အလကားရမယ့်ကိစ္စလေ"

"ထွန်းဆင့်ပြောတာမှန်သားပဲ စင်ရော်"

"မင်းကပါ ကျော်မင်းဦးရာ၊ သူ့အိတ်ထဲကမကုန်ရပေမယ့် လည်း စင်ပေါ်မတက်ရဲဘူးတို့၊ လူရှိန်တယ်တို့၊ ပြိုင်ရမှာကြောက် တယ်တို့လုပ်နေရင် ခုလို တစ်ဝက်မပြောနဲ့ တစ်ပြားမှတောင် ရမှာမဟုတ်ဘူး"

အဲဒီနေ့က ကြိုးကြာတို့အိမ်ကို စင်ရောက်သွားတော့ အရောင်းစင်တာကြီးတစ်ခုမှာ စုံတွဲဖက်ရှင်ပြိုင်ပွဲနဲ့ စုံတွဲ သီချင်းဆို ပြိုင်ပွဲအတူဝင်ပြိုင်ဖို့ပြောခဲ့တာ။

အဲဒီတော့ ကြိုးကြာက ...

"ဆုရတာမရတာနောက် ... ဘာဖိုး ညာဖိုးတွေကအစ ကုန်မှာ ... ဆုမရရင်ကုန်ထားတာတွေရှုံးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအတွက် ကြိုးကြာမပူပါနဲ့၊ ကြိုးကြာသာပြိုင်ရဲရင် ကျန်ကျစရိတ်အားလုံး ကျွန်တော့်တာဝန်ထား၊ ဆုရရင်လည်း ပြန်ပေးစရာမလိုဘူး၊ ဆု မရရင်လည်း ပြန်မပေးနဲ့ အမှတ်တရလက်ဆောင်ပေါ့ဗျာ၊ ကျွန်တော့်မှာ အဲသလိုဝယ်ပေးစရာအစ်မရော ညီမရော မရှိဘူး"

"ကြိုးကြာက အားနာလို့ပါ၊ ပြိုင်တာတော့ မပြိုင်ရဲစရာရှိပါဘူး၊ အခြေအနေမပေးလို့သာ မော်ဒယ်လ်မလုပ်ခဲ့ရပေမယ့် ဝါသနာတော့ပါသား၊ ဟင်း ဟင်း ဟင်း"

"ပြီးပြီပေါ့၊ တတိယဆုကတစ်သိန်း၊ ကျွန်တော်တို့သာ ကောင်းကောင်းကြိုးစားလိုက်ရင် ပထမဆုသုံးသိန်း ပြေးမလွတ်ပါဘူး၊ ဟဲ ဟဲ"

"စုံတွဲအဆိုကတော့ မကျိန်းသေဘူး၊ ကြိုးကြာအသံ လုံးဝမကောင်းဘူး"

"ကျွန်တော်လည်း အတူတူပဲ၊ မဟုတ်ရင် ဂီတတံခါးလေး ပြေးပြိုင်ပြီပေါ့"

"ကိုစင်ရော်ကလေ ပိုက်ဆံရဖို့ပဲ စဉ်းစားနေတာလား"

"ဟုတ်တယ်၊ ကျွန်တော်က ပိုက်ဆံဘယ်လိုရှာရမလဲဆိုတာ အချိန်ရှိသရွေ့စဉ်းစားနေတာ၊ မရှာဘဲကို တစ်နာရီမနေနိုင်ဘူး၊ မခိုးဘူး၊ မတောင်းဘူး၊ မတရားယူပြီးမရှာဘူး၊ ကျန်တာတော့ ဘယ်လိုနည်းနဲ့ရရှာတယ်"

"ရှာပြီး သုံးပစ်တာပဲပေါ့"

"ဟော့ဗျာ၊ သုံးဖို့ရှာတာလေ၊ မသုံးမှတော့ ဘာလုပ်ဖို့ ရှာနေဦးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



စင်ရော်စကားကြောင့် ကြိုးကြာက ပြုံးပြီး ခေါင်းတညိတ်ညိတ်လုပ်နေတယ်။ ဘာလဲတော့မသိဘူး။

ထားပါတော့။

အဲသလိုနဲ့စင်ရော်နဲ့ကြိုးကြာ စုံတွဲဖက်ရှင်ပြိုင်ပွဲဝင်ပြိုင်ဖို့ အတည်ဆုံးဖြတ်ပြီးသွားတယ်။

နောက်ပိုင်း လေ့ကျင့်တယ်၊ ပြင်ဆင်တယ်၊ မေးမြန်းစူးစမ်းလေ့လာတယ်။

စင်ရော့်အတွက် ယခုတလောဖြစ်ပျက်ကြုံတွေ့နေတဲ့ကိစ္စတွေက သားရွှေအိုးထမ်းလာတာမြင်တဲ့ကိန်းပါပဲ။

ဘာဖြစ်လို့လဲ? ဟုတ်လား။

ရှင်းရှင်းလေးပဲ ကိုယ့်ဆရာရယ်။ ပိုက်ဆံရှာပြီးသားလည်းဖြစ်၊ ကိုယ်သဘောကျတဲ့ မိန်းကလေးနဲ့လည်း အမြဲတွေ့ရပြီးသားဖြစ်နေတယ်လေ။

စိတ်သာရှင်စောဘုရားဟောတဲ့။ စင်ရော်ရဲ့ပြင်းထန်တဲ့အာရုံစူးစိုက်မှုနဲ့ လိုချင်ဇောအဟုန်ကြီးလို့လားမသိဘူး။ ပထမဆုကိုရတယ်။

သူတို့အတွဲက ခါးနံပါတ် ငါး။

ဆုရတဲ့အချက်တွေကိုလည်း ကြည့်ဦး။ ဒါက သူတို့ဒိုင်တွေ သတ်မှတ်ထားတဲ့အချက်တွေ။

"နံပါတ်တစ် ... စီးထားတဲ့ဖိနပ်နဲ့ဝတ်ထားတဲ့အဝတ်လိုက်ဖက်တယ်"

"နှစ် ... ခါးနံပါတ်ငါးအတွဲက သိက္ခာရှိရှိ၊ တည်ငြိမ်ဣန္ဒြေရရနဲ့ ပရိသတ်အကြိုက်အများဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com


"နံပါတ်သုံးအချက်က နှစ်ယောက်သား" လိုက်ဖက်ပြီး ပါဖော့မန့်လုပ်တာကောင်းတယ်၊ စတိုင်လ်မိတယ်'

"နောက်ဆုံးအချက်က နှစ်ယောက်စလုံး ရုပ်ရည်သန့်တာ၊ ချောမောပြေပြစ်တာ အထူးခြားဆုံးပါပဲ"

စသဖြင့် အဲဒီအချက်တွေကြောင့် စင်ရော်နဲ့ကြိုးကြာစုံတွဲ ဖက်ရှင်ဆုကို ပြိုင်ဖက်မရှိရခဲ့တာပါပဲ။

စောစောက ပြောခဲ့သလိုပေါ့။

သူများက ကြိုးစားစွမ်း ဆောင်ရှာဖွေလို့ရခဲ့တာကို ပါးဖြဲ နားဖြဲစားရင်လည်း အေးအေးဆေးဆေးမစားတာက ကျော်မင်းဦး နဲ့ထွန်းဆင့်။

တောပြောတောင်ပြော ပြောလို့ပြော၊ ဆရာလုပ်လျှာရှည် လို့ရှည်။ ငတိနှစ်ယောက်ကို စင်ရော် တော်တော့်ကို စိတ်ချဉ်ပေါက် သွားတယ်။

ဒါနဲ့ ညနေစာကို ချဉ်ပေါင်ဟင်း၊ သရက်ချဉ်သုပ်၊ မှျစ်ချဉ် လှော်၊ ငပိထောင်းသံပုရာသီးညှစ်၊ ဘဲဥကို မန်ကျည်းသီးမှည့်နဲ့ ခပ်ချဉ်ချဉ်လေးချက်ပေးထားလိုက်တယ်။

ဟင်းတွေစုံနေတာကို မြင်တော့ ငတိနှစ်ကောင်က ခွေးဘုရားပွဲတွေ့ပြီဆိုပြီး ဝမ်းသာအားရနဲ့ ...

"အချစ်ရဲ့စွမ်းအား၊ အားတွေရှိ၊ သဘောတွေကောင်း"

"နောင်လည်းကျွေးနိုင်ပါစေ၊ ပြီးတော့ မွေးနိုင်ကြပါစေ"

"အေး၊ ဝအောင်သာစားကြကွာ၊ ငါ့အချစ်က ဗလာမပါ ကာံစမ်းမဲကွ"

ဩော် ... အချစ်ရဲ့စွမ်းအား။ အချစ်ရဲ့စွမ်းအား။



www.burmeseclassic.com

www.burmeseclassic.com


အဲဒီနောက် ဟင်းတွေကိုစားပြီး ထွန်းဆင့်နဲ့ ကျော်မင်းဦးရဲ့မေတ္တာပို့သံတွေ ထမင်းဝိုင်းမှာမိုးမွှန်နေပါတော့တယ်။

* * *


www.burmeseclassic.com

www.burmeseclassic.com

{ ၁၅ }

"ဟယ် ... ချစ်စရာ"

"အန်တီစုထွေး၊ အန်တီစုထွေး၊ ဒီမှာ ချစ်စရာရယ်"

"ဟင်! ဟုတ်လား"

ချစ်စရာက စုထွေးဆီလျှောက်လာပြီး ခြေဖမိုးကို ပွတ်သပ်နေသည်။ ပြီးတော့ မူယာနှင့်မာယာကိုလည်း လိုက်နမ်းကြည့်ပြန်၏။ မူယာက လေသံတိုးတိုးဖြင့် ...

"ချစ်စရာပြန်လာတာ ဒေါ်လေးကြိုးကြာသိရင် ယိုးဒယားမွှးပွကြောင် ဝယ်ပေးမှာမဟုတ်တော့ဘူး"

"ဘာဆိုင်လဲ? သူ့ပိုက်ဆံနဲ့ဝယ်ပေးမှာမှ မဟုတ်တာ"

"ဟဲ့ ... သူ့ရည်းစားပိုက်ဆံ သူ့ပိုက်ဆံလိုသဘောထားမှာ တော့ နှမြောနေဦးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com


မူယာ့စကားကြောင့် မာယာ့ဇက်ကလေးပုသွားသည်။ စုထွေးက ...

"နင်တို့ကလည်း ကြိုးကြာတို့က ရည်းစားတွေမဖြစ်ကြသေးပါဘူး"

"တစ်ချိန်ဖြစ်မှာပဲ"

"အဲဒီအခါ ပိုဆိုးလိမ့်မယ်"

"ဦးစင်ရော်ကြီးက ဒေါ်လေးကြိုးကြာလို ကပ်စေးမနည်းပါဘူး"

"ဟဲ့ ... မူယာနဲ့မာယာ တိတ်တိတ်နေကြစမ်းပါ၊ ကြိုးကြာ ကြားသွားလို့ထွက်လာရင် ချစ်စရာကိုတွေ့သွားဦးမယ်၊ သူမတွေ့ခင် တစ်ခုခုစီစဉ်ရမယ်"

စုထွေး အဲသလိုပြောလိုက်တာကို အခန်းထဲက ထွက်လာတဲ့ကြိုးကြာက အမိအရကြားသည်။ သို့နှင့် ဘာတွေမဟုတ်က ဟုတ်က ကြံစည်နေသလဲသိချင်၍ အသာထွက်လာပြီး ရှိုးကော့စ် ဘေးကွယ်ကာ နားထောင်နေ၏။

"ကဲ ... မောင်ချစ်စရာ၊ စားစရာရှိတာ အကုန်စား၊ ပြီးရင် အထုတ်အပိုးပြင်ထွက်သွားတော့ ကြားလား"

"အန်တီစုထွေး၊ ချစ်စရာကို အိမ်က နှင်ချတာလား"

"အင်းလေ၊ နင်တို့ပဲ ယိုးဒယားမွေးပွလိုချင်တယ်ဆို"

"ဟုတ်"

"ဒင်းကို ထွက်သွားခိုင်းမှဖြစ်မှာပေါ့"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ချစ်စရာကို မောင်းထုတ်လိုက် အန်တီစုထွေး"


www.burmeseclassic.com

www.burmeseclassic.com


တော်တော့်ကို တရားကျစရာကောင်းတဲ့မြင်ကွင်းပဲဟု ကြိုးကြာ သံဝေဂရမိသည်။ သူ ရိုက်မောင်းပုတ်မောင်းလုပ်တုန်းကတော့ ရက်စက်လိုက်တာတို့၊ အကြင်နာတရားမရှိဘူးတို့ အမျိုးမျိုးကဲ့ရဲ့ပြစ်တင်ပြောဆိုကြသည်။

ခုကြည့်။ မွေးပွဲကြောင်ဝယ်ပေးမယ်လည်းဆိုရော သူတို့ချစ်လှချည်ရဲ့ဆိုတဲ့ ကြောင်လေးချစ်စရာကို အထုတ်အပိုးပါပြင်ခိုင်းပြီး အိမ်ကနေ မောင်းချနေ၏။

"နင်တို့ဟာလေ ... လူမှဟုတ်ရဲ့လား ... ဟင်! လူဆိုလည်း လူစိတ်မရှိ၊ စာနာစိတ်မရှိ၊ ကိုယ်ချင်းစာစိတ်မရှိတဲ့မိန်းမတွေ"

ကြိုးကြာက ရှိုးကေ့စ်နောက်မှ ထွက်လာရင်း အခွင့်အရေးရတုန်း ပယ်ပယ်နယ်နယ်ပြောပစ်လိုက်သည်။

"ဟင်! ကြိုးကြာ"

"ဒေါ်လေး၊ သမီးတို့ပြောတာတွေ ကြားသွားပလား"

"မကြားပါဘူးနော် ဒေါ်လေး"

"ကြားတာပေါ့၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူး မဟုတ်လား ... ဟွန်း"

"ညောင်"

ကြိုးကြာကိုမြင်တော့ ချစ်စရာက ခြေဖမိုးကို ခေါင်းနှင့်တိုးဝှေ့ပွတ်သပ်သည်။ ကြိုးကြာက ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး ချစ်စရာခေါင်းကို ပွတ်သပ်ကာ ...

"ချစ်စရာရေ ... မင်း ဘယ်မှသွားစရာမလိုဘူး သိလား၊ ဒီမှာပဲနေ ... ဒါ မင်းအိမ်၊ ချစ်စရာအတွက် ဒေါ်လေးက ကြောင်


www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ကောင်အဖော်ရအောင် မကြာခင်ခေါ်လာမယ်၊ ဟုတ်ပြီလား"

မြတ်စွာဘုရား။

လောကကြီး ပြောင်းလဲသွားပြီထင်သည်။ စုတ္တေးတို့သုံးယောက်သား ကြိုးကြာကို တအံ့တသြကြည့်ကြလေကုန်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

# { ၁၆ }

ဆောင်းရာသီရဲ့နေရောင်ခြည်က ပြုံးနေတယ်။ အမှန်က တကယ်ပြုံးတာတော့ မဟုတ်ဘူးပေါ့။ အချစ်စိတ်နဲ့ပြုံးနေတဲ့ စင်ရော်အပြုံးကြောင့် အရာအားလုံးပြုံးနေတယ်လို့ထင်ရတာ။

စင်ရော်က ကြိုးကြာကို ဘုရားစူး၊ မိုးကြိုးပစ် ချစ်မိနေပြီ။ ခက်တာက ငွေကိုသာ ဘယ်လိုနည်းနဲ့ရှာရရှာရ ရှာတတ်ပေမယ့် အချစ်ကိုတော့ ရှာလည်းမရှာတတ်ဘူး။ ချစ်လည်းမချစ်ဖူးဘူး။ ခက်တာပဲ။

ဒီတော့ ... ဘာလုပ်ရမှန်းမသိ၊ စိတ်ကူးနဲ့ပျော်မြူးနေခဲ့တာ။

"ဟိုကောင် ... စင်ရော့်ရုပ်က ဘာဖြစ်နေတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဆင့်၊ တစ်ချိန်လုံးပြုံးစိစိနဲ့"

"ဘယ်နေရာကနေ ပိုက်ဆံကို ဘယ်လိုရှာရမလဲဆိုတာ ကျိတ်ကြံနေတာနေမှာပေါ့"

"မဖြစ်နိုင်ဘူး ထွန်းဆင့်၊ ဒီကောင် ပိုက်ဆံရှာတော့မယ်ဆိုရင် ရုပ်က ဒီလိုခပ်ပြုံးပြုံးမဟုတ်ဖူး၊ ဘီလူးသရဲစီးနေတဲ့ရုပ်မျိုးကွ"

"အင်း ... မင်းပြောတာဟုတ်တယ် ကျော်မင်းဦး၊ အခုတလော ဒီကောင့်ရုပ်က တစ်မျိုးတော့တစ်မျိုးပဲ"

"အပူအအေးဥတုကြောင့်ဖြစ်တဲ့ ဥတုဇရုပ်လား၊ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်လား ... အင်း"

"မဟုတ်ပါဘူး ကျော်မင်းဦးရာ၊ စင်ရော်ရုပ်ကို ငါ သိပြီ"

"ဘာလဲ"

"နှာရုပ်၊ နှာဘူးရုပ်"

"ခွီး"

* * *



www.burmeseclassic.com

www.burmeseclassic.com


ကျော်မင်းဦးရဲ့ ခွီးကနဲရယ်သံကြောင့် စင်ရော့်စိတ်ကူး ပျက်သွားတယ်။

"ငါကွာ၊ စိတ်ကူးပျက်လိုက်တာ ... ငြိမ်ငြိမ်တိတ်တိတ် နေကြစမ်းပါ၊ ညနေ ဘဲကင်ဝယ်ကျွေးမယ်"

"တော်ပါပြီ၊ စားရတာနဲ့မတန်အောင် အပြောအဆိုခံရ ဦးမှာ"

"တကယ်လား ထွန်းဆင့်၊ မစားဘူးပေါ့၊ ဝမ်းသာရတော့ မှာလား"

"ဟီး ... ဘီယာလေးရောမပါဘူးလား၊ ငါက အဖတ်ကြီးပဲ မြိုတတ်လို့"

"ရေနဲ့မျှောစားလေ"

"ထွန်းဆင့်ပြောသလို ငါလည်း အရည်ကြိုက်တယ် စင်ရော်၊ ရေက လူတိုင်းသောက်နေတာ မထူးဆန်းဘူး၊ ထူးထူး ဆန်းဆန်း ဈေးကြီးတဲ့ဘီယာလေး၊ ဝီစကီလေးပေါ့"

"ဒါဆို မင်းတို့က ငါ့ကို ကြိုးကြာနဲ့ပတ်သက်ပြီး အကြံ ကောင်းဉာဏ်ကောင်းလေးတွေပေးမှာလား"


www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဒါပေါ့ကွ၊ ပေးရမှာပေါ့"

"မင်း ကြိုးကြာကို ကြွေနေတာ၊ သိနေမှတော့ ဒီအတိုင်း ပစ်မထားပါဘူး၊ အဆင်ပြေအောင်လုပ်ပေးရမှာပေါ့"

"အေးကွာ ... ငါ ကြိုးကြာလေးကို ဘယ်အချိန်ကစပြီး ချစ်မိသွားလဲမသိဘူး၊ သူနဲ့အတူနေရရင်မပြောနဲ့ သူ့အကြောင်း တွေးနေရရင်တောင် ပျော်တယ်"

"အဲဒါများကွာ ... ဘီယာလေးမြှံ့ရင်း ချစ်သူအကြောင်း ပြောရတာ ဘယ်လောက်အရသာရှိတယ်မှတ်လဲ"

"ဟုတ်တယ် စင်ရော် ... ဘာဖီလင်နဲ့မှမတူတဲ့ ခံစားချက် မျိုးကွ"

"ခက်တာက ... ခါးလန်နေတဲ့ အဲဒီအရည်ကို ငါက လုံးဝ မကြိုက်တာပဲ"

"ချစ်တတ်လာပြီဆိုတော့ ကြိုက်တတ်လာလိမ့်မယ်"

"ဟုတ်တယ် စင်ရော်၊ မင်းမယုံရင် ညနေစမ်းကြည့်"

"အေး"

* * *



www.burmeseclassic.com

www.burmeseclassic.com

## { ၁၇ }

ဆိုင်ပိတ်ရက်ကလေး အိမ်မှာ နားအေးပါးအေးနေရလေးမှတ်သည်။ ဟိုလျှောက်ဒီလျှောက်၊ တလှုပ်လှုပ်တရွရွနှင့် ကြိုးကြာကိုကြည့်ရတာ မျက်စိနောက်၏။

မနက်ကလည်း တစ်မနက်လုံးဂဏန်းပေါင်းစက်တစ်လုံးဖြင့် ဘာတွေမှန်းမသိ၊ တွက်နေ၏။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာတစ်ခုခုလဲသာ မသိတာ။

မနေနိုင်တော့သည့်စုထွေးက ...

"ခွေအသစ်တစ်ခွေရှိတယ်၊ နင် ကြည့်ပါလား ကြိုးကြာ"

"ဘာဇာတ်လမ်းလဲ"

"ချစ်သူ့နယ်နမိတ်"

"ဟင်း ... တော်ပါပြီ၊ တစ်ငိုတည်းငိုနေတဲ့ဇာတ်ကား၊



www.burmeseclassic.com

www.burmeseclassic.com



ငါက ရယ်ချင်တာ”

“အင်”

နှာအေးမျက်စိအေးအောင်ကြံကာမှ ပိုဆိုးနေသည်။ မထူးပါဘူး။ ကောင်းကောင်းနေလို့မရမယ့်အတူတူ အလ္လာပ၊ သလ္လာပ ပြောတာကောင်းမည်။

“ဒီမယ် ကြိုးကြာ”

“ဘာလဲ?”

“ရှုပ်တယ် ... နှင် အိမ်ထောင်ပြုလိုက်တော့”

“တကယ်လား”

“အင်”

စုထွေးက ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။ ပြီးမှ ...

“ဘာလဲ ကြိုးကြာ၊ နှင်က တကယ်အိမ်ထောင်ပြုချင်ပြီ ပေါ့”

“ပြုချင်တာတော့မဟုတ်ဘူး၊ ပြုသင့်ရင်ပြုရမယ်”

“နှင်နဲ့ကိုစင်ရော်ကြီးက ဘယ်လိုလဲ? နှစ်ယောက်သား ဘာညာဘာညာဖြစ်ပြီလား”

“ခုထိတော့ ဘာညာမဖြစ်သေးပါဘူး၊ သူကတော့ ငါ့ ကြိုက်နေတာထင်တယ်”

“မထင်နဲ့ ကြိုက်နေတာ သေချာတယ်၊ အခြေအနေကြည့် ပြီး အခွင့်ကောင်းကို ချောင်းနေတာ”

“အင်း ... ဒီလိုပဲဖြစ်ရမယ်လေ”

“ကောင်းပါတယ်၊ နှင်တို့နှစ်ယောက်က လိုက်ဖက်လှညီ



www.burmeseclassic.com

www.burmeseclassic.com


ထွေရှိတာပဲ၊ တကယ့်ကို နတ်ဖက်တဲ့စုံတွဲဖြစ်မှာ၊ ဘာဖြစ်လို့လဲ ဆိုတော့ တစ်ယောက်က ပိုက်ဆံရှာကောင်းတယ်၊ တစ်ယောက်က ပိုက်ဆံမသုံးဘဲ ကုတ်ကျစ်နေအောင်ချွေတာစုဆောင်းတတ်တယ်"

"ဟင်း ဟင်း၊ ဟုတ်တယ်နော်"

"ဟုတ်တာပေါ့၊ ဟုတ်လို့ပဲ နင်တို့နှစ်ယောက်ကို တွေ့အောင် ဖူးစာရေးမြားနတ်မောင်က ဆုံဆည်းပေးလိုက်တာ၊ နင်တို့နှစ်ယောက်တွေ့ကြပုံလည်းကြည့်ဦးလေ၊ မထူးဆန်းဘူးလား"

"ထူးဆန်းတာပေါ့"

"အဲဒါပဲလေ ... အဲဒါ အခြေခံပဲ"

ဟင်း ... ဘာမှလည်းမဆိုင်ဘူး။

အဲဒီစုထွေးက ဟုတ်မလိုလိုနှင့် ဘာမှန်းမသိ။

ဒီမှာ ကြိုးကြာကဖြင့် နှလုံးသားတွေ ပျားတုပ်ခံနေရသည်။

ယခု ကြိုးကြာဆီမှာ အရေးယူလို့မရတဲ့ သူခိုးတွေရှိနေပြီ။ အိပ်စက်ခြင်းကို ခိုးယူခံနေရတာပေါ့။

စိတ်ကူးယဉ်ရတာကလည်း အမော။

စင်ရော်ရှာသမျှငွေတွေနှင့်စင်ကာပူဈေးဝယ် ထွက်သည်။ စိတ်ကူးရင်း နှမြောလာတာနှင့်စင်ကာပူမရောက်တော့ဘဲ အိမ်နှင့် အနီးဆုံး မော်တင်ဈေးပဲ သွားလိုက်သည်။

"ညနေ ဘာချက်မလဲ ကြိုးကြာ"

စုထွေးအသံကြောင့် စိတ်ကူးပျက်သွား၏။

"ကြက်သားတစ်ဆယ်သားဝယ် ဘူးသီးတစ်စိတ်နဲ့ ရော ဟဲ့ ... နေဦး၊ ညနေ ကိုစင်ရော်လာမှာ ... ထမင်းကျွေးရင် မကျွေး


www.burmeseclassic.com

www.burmeseclassic.com


ရအောင် ကြက်သားငါးကျပ်သားပိုဝယ်လိုက် ... ဟုတ်ပြီနော်"
"အယ်"

* * *


www.burmeseclassic.com

www.burmeseclassic.com

{ ၁၈ }

စင်ရော်က ကြိုးကြာကြိုက်တတ်တဲ့ သခွားမွေးကို ကျော်မင်းဦး ဈေးသွားတော့ မှာလိုက်တယ်။ ကျော်မင်းဦးက ...

"ကြိုက်ရင် သူ့ဖာသာ ဝယ်စားလိမ့်မပေါ့ကွ"

"သူ့ဖာသာဆို ဈေးကြီးလို့ နှမြောပြီး ဝယ်မစားဘူးတဲ့လေ"

"အောင်မလေး၊ တော်တော်ချစ်ဖို့ကောင်းတယ်"

"အေး၊ ချစ်ဖို့ကောင်းတာပေါ့"

"စင်ရော့်ကောင်မလေးက တကယ်နှမြောကပ်စီးနဲ့တာ ကျော်မင်းဦးရ၊ သူတို့နှစ်ယောက် ညားလို့ကတော့ အိမ်သွားလည်ရင် ဘာမှ စားရဖို့လမ်းမမြင်ဘူး"

"အဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အဟုတ်ပါဆို၊ သွားတိုက်ဆေးတောင် ဝယ်သုံးရမှာ ကပ်စေးနည်းပြီး ကြိုးကြာက မီးသွေးခဲနဲ့တိုက်တာတဲ့"

"အဲသလောက်တောင်ပဲလား"

"အဲဒါ ... စင်ရော်က ကံစမ်းမဲပါတဲ့သွားတိုက်ဆေးကို လက်ဆောင်ဝယ်ပေးထားရတယ်၊ အဲဒီသွားတိုက်ဆေးကံစမ်းမဲက ပထမဆုရွှေတစ်ဆယ်သားတဲ့၊ ပေါက်ရင်တော့ စင်ရော်ရမှာပေါ့"

"အတော့်ကို ဟုတ်နေတာပဲ"

"မင်းတို့ကလည်းကွာ၊ ဘာမကောင်းတာရှိလဲ"

"အေးပါ၊ ကောင်းပါတယ်၊ ချစ်သူကို လက်ဆောင်ပေးပြီးသားလည်းဖြစ်၊ ပေးတဲ့လက်ဆောင်က သွားတိုက်ဆေးဆိုတော့ မီးသွေးခဲနဲ့တိုက်တဲ့ပါးစပ်နဲ့လည်းဝေး၊ ဆုမဲပေါင်းများစွာနဲ့ ကံစမ်းမဲကပါပေါက် ဆိုရင်"

"ဒီလိုကျတော့ မင်းက တော်သွားပြန်ရော ထွန်းဆင့်ရာ"

အဲသလိုနဲ့ ကြိုးကြာအချစ်ကိုရဖို့ စင်ရော်တစ်ယောက် ပဏာမပျိုးနေတယ်ဆိုပါတော့။

အခုလည်း သခွားမွှေးထုတ်ဆွဲပြီး ကြိုးကြာဆီထွက်လာခဲ့တယ်။ ကြိုးကြာရဲ့စကားသံနဲ့အပြုံးတွေက ညနေစာတစ်နပ် လောက်မစားဘဲ နေနိုင်အောင် ခွန်အားတွေ ပြည့်နိုင်စွမ်းပါတယ်။ လုံးဝ မစားဘဲတော့ မနေနိုင်ဘူးပေါ့။

စင်ရော်လာရင် အလွန်ကပ်စေးနဲပါတယ်ဆိုတဲ့ ကြိုးကြာက ကောင်းကောင်းကျွေးရှာပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကြိုးကြာရဲ့အပြုအမူမှန်သမျှက စင်ရော့်အတွက် ချစ်စဖွယ်ဖြစ်နေတာပါပဲ။

ပြီးတော့ သူ့ကို မြင်တာနဲ့ "ဟယ် ... ကိုစင်ရော်" ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com


တအံ့တသြဝမ်းသာအားရနှုတ်ဆက်သံလေးကလည်း ဘယ်တော့မှ မရိုးနိုင်ပါဘူး။ ခုလည်း ကြည့်။

"ဟယ် ... ကိုစင်ရော်"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကျွန်တော် စင်ရော်ပါ စင်ရော် အတုလား၊ အစစ်လား စမ်းချင်သေးလား"

"အယ် ... အဲဒီကိုစင်ရော်ဟာလေ"

"ကဲပါ ... အပြင်ထွက်ပြီး တစ်ခုခုစားရအောင်"

"ဟင်! ဒီမှာ ထမင်းမစားဘူးလား၊ ဟင်းတွေ ပိုချက်ထားတယ်"

ဟင်းတွေ ပိုချက်ထားတယ်ဆိုလို့ မူယာ၊ မာယာနဲ့စုထွေးတို့က ကြိုးကြာကို မျက်စောင်းထိုးကြတယ်။

"ပိုချက်ထားတဲ့ဟင်းတွေ ညနေစားပေါ့၊ ဒီမှာ ကျွန်တော်က အစုထည့်ထားတဲ့လုပ်ငန်းတစ်ခု အမြတ်ငွေခွဲတာ တော်တော်လေးရလို့ ကျွေးချင်နေတာ၊ အစားကောင်းစားရရင် အချစ်ဆုံးသူကို သတိရတယ်တဲ့"

"ဟင်! ကိုစင်ရော်ကလည်း"

"ဥပမာပြောတာပါ"

"သြော်"

သူတို့စကားဝိုင်းက အဲသလိုပဲ။ ကပေါက်တိကပေါက် ချာနဲ့။ ရယ်စရာတော့ အကောင်းသား။

* * *


www.burmeseclassic.com

www.burmeseclassic.com

သူ့ကို အမိဖမ်းနိုင်ရင်ဖမ်း
မဖမ်းနိုင်ရင် ...
တစ်သက်လုံး မမိမကမ်းနဲ့
လွမ်းနေရတော့မယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# { ၁၉ }

ဒီနေ့ ညနေခင်းလေးရဲ့ ကောင်းကင်ပြာအလှဟာ အံ့သြစရာကောင်းလောက်အောင် သာယာလှပနေတယ်။ ညနေဆည်းဆာရဲ့အရောင်က ချစ်သူကို ရောင်ပြန်ဟပ်နေတာလား။ ချစ်သူရဲ့အလှကပဲ ဆည်းဆာကို ဖမ်းစားနေတာလား။

"ကြိုးကြာလေး"

"ဟင်!"

"ကိုယ်ပြောတာ သေချာနားထောင်နော်"

"အင်း"

ဘယ်အချိန်ကစပြီး ကြိုးကြာလေးတွေ၊ ကိုယ်တွေ ဖြစ်တုန်မှန်းမသိ။ လောလောဆယ်တော့ နှစ်ပါးအချစ်ခတ်နဲ့လောကကြီးတစ်ခုလုံး မွေးထွေးနေတယ်။



www.burmeseclassic.com

www.burmeseclassic.com


"ကိုယ်လေ ... ကြိုးကြာလေးကို ဘယ်အချိန်ကတည်းက ချစ်သွားခဲ့မှန်းမသိဘူး၊ ကြိုးကြာလေးကရော ကိုယ့်ကို ဘယ်အချိန်က ချစ်နေခဲ့တာလဲ"

စင်ရော်စကားကြောင့် ကြိုးကြာကိုယ်လေး ဆတ်ခနဲတုန်သွားပြီး အလန့်တကြားလိုလို၊ အထူးအဆန်းလိုလိုကြည့်လာတယ်။ ပြီးမှ ...

"ဟို ... ကြိုးကြာက ကိုစင်ရော်ကို မချစ်ရသေးဘူးလေ၊ အခုမှ ကိုစင်ရော်က ကြိုးကြာကို ရည်းစားစကားပြောတုန်းရှိသေးတာ"

"ဩော် ... ဟုတ်သားပဲ၊ ကိုယ်ပြောတာ ဘယ်နေရာရောက်သွားပြီလဲ"

"ကြိုးကြာကို ဘယ်အချိန်ကတည်းက ချစ်နေခဲ့လဲမသိဘူးတဲ့ အဲဒီနေရာ"

"ဟုတ်ပြီ၊ ဘယ်အချိန်ကတည်းက စချစ်သွားလဲဆိုတော့ အင်း ... တစ်ဝက် ... တစ်ဝက်လို့ပြောလိုက်တဲ့အချိန်"

"ခစ်"

"ဟုတ်တယ် ကြိုးကြာရဲ့၊ ကြိုးကြာက ကိုယ့်ဆီက ဘာမဆို တစ်ဝက်ချည်းပဲ၊ ဒီတော့ ခုလည်း ကိုယ့်ဆီက အချစ်တစ်ဝက်ယူ၊ ကြိုးကြာဆီက အချစ်တစ်ဝက်ပြန်ပေး၊ ဒါဆို နှစ်ယောက်စလုံး ပြည့်ပြည့်ဝဝ ချစ်လို့ရပြီ"

ကြိုးကြာက ခေါင်းလေးငုံ့သွားပြီး ချစ်စဖွယ်ပြုံးနေတယ်။ မဖြစ်ဘူး၊ မနားတမ်းဆက်ပြောမှဖြစ်မယ်။ မဟုတ်ရင် နောက်တစ်ခါ ဒီလိုဖွင့်ပြောဖို့သတ္တိတွေ ငုပ်ကုန်ပြန်ဦးမယ်။


www.burmeseclassic.com

www.burmeseclassic.com


"တကယ်ပါ ကြိုးကြာလေးရယ်၊ ကိုယ့်အချစ်က ဗလာမပါကံစမ်းမဲပါ၊ ဘယ်အချိန်ဖွင့်ဖွင့် အချစ်ဆိုတဲ့ပေါက်မဲတွေချည်းပဲ သိလား"

"အံမယ်၊ သူ့ကံစမ်းမဲတွေက ရှုံးနေဦးမယ် ဟွန်း"

"ဩော် ... ကြိုးကြာလေးရယ်၊ အချစ်မှာ အရှုံးအမြတ်မရှိပါဘူးကွယ်၊ တစ်ယောက်နဲ့တစ်ယောက် အပေးအယူမျှမျှတတနဲ့ ချစ်ကြဖို့ပါပဲ"

"ကဲပါ ကိုရွှေလိပ်ကြီးရယ်၊ ကြိုးကြာ ခေါင်းအေးအေးနဲ့ စဉ်းစားပါဦးမယ်၊ ပြီးမှ ဗလာမပါတဲ့ကံစမ်းမဲကြီး နှိုက်ပါ့မယ်၊ ဟုတ်ပြီလား"

"သိပ်တော့ ကြာကြာမစဉ်းပါနဲ့ ကြိုးကြာလေးရယ်၊ ကံစမ်းမဲက ဗလာမပါဆိုပေမယ့် ကုန်သွားမှာစိုးလို့"

"အံမယ် ... သေလိုက်"

* * *


www.burmeseclassic.com

www.burmeseclassic.com

အချစ်ကို ထိတွေ့ရရှိသူသာလျှင်
လုံးဝဥဿုံပြည့်စုံမှုကို ရရှိသူ ဖြစ်ရမည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

{ ၂၀ }

"ဘယ်လိုပဲနှိုက်နှိုက် ကိုစင်ရော် ကံစမ်းမဲကို နင်ပေါက်မှာ
ဲ ကြိုးကြာ"

"ခစ်"

စုထွေးစကားကို ရယ်စရာမပါဘဲ ကြိုးကြာက အူမြူးပြီး
ရယ်သည်။ လူလည်ကျသော စင်ရော့်ကိုလည်း ရယ်ချင်သည်။
စုထွေးက ...

"နင် အဲဒီကံစမ်းမဲကိုနှိုက်မှာလား၊ မနှိုက်ဘူးလား"

"ဟင့် ... မနှိုက်လည်း သူက အလိုလိုပေါက်မဲပဲတဲ့"

"ဟော့တော်၊ ကောင်းရော"

စုထွေးပြောသလို တကယ်လည်းကောင်းပါသည်။
စင်ရော်နှင့်ဆုံတွေ့ခွင့်ရတာ ကံကြမ္မာကပေးသော အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဆုလဒ်ပါပဲ။ ကြိုးကြာအပေါ် အလိုက်သိသောစင်ရော်၊ ကြိုးကြာ ကြိုက်တတ်တာလေးတွေသိသော စင်ရော်၊ ဦးစားပေးတတ်သော၊ ညှာတာသောစင်ရော့်ကို ရင်ထဲမှာ အသိအမှတ်ပြုထားသည်။

စင်ရော်နှင့်ပတ်သက်သော အနာဂါတ်လမ်းသည် ရွှေရောင်လွှမ်းသောလမ်းသာဖြစ်ရမည်။

စင်ရော်၏ နွေးထွေးသောချစ်ခြင်းမေတ္တာအကြား ကြိုးကြာတစ်ယောက် မလူးသာမလွန့်သာဖြစ်ခဲ့ရသည်။ နှစ်ဦးသားအချစ်ခေတ်နှင့်စုလျားရစ်ပတ်ခံခဲ့ရပြီ။

"ကြိုးကြာလေးရေ၊ ကိုယ့်ရဲ့အချစ် ကံစမ်းမဲကာလ ကုန်ဆုံးတော့မယ်နော်"

"အံမယ်၊ ကုန်ကုန်ပေါ့"

"ဟီး ... မလုပ်ပါနဲ့ ကြိုးကြာလေးရယ်၊ ကြိုးကြာလေးအတွက်ဆိုမကုန်ပါဘူး၊ အပြည့် အပြည့်"

စင်ရော့်ဆီက အဲသလိုစကားမျိုးတွေ ကြားချင်၍ ကြိုးကြာက တမင် မူနွဲ့ပြောခြင်းဖြစ်သည်။ နောက်တစ်ကြိမ် စင်ရော်က အဖြေတောင်းလာလျှင်တော့ အဖြေပေးလိုက်ဖို့ စဉ်းစားထား၏။

စင်ရော်ကလည်း အလစ်မပေးပါ။ အငိုက်ဖမ်းကာ ကြိုးကြာဆီက ချစ်အဖြေကို တောင်းတတ်သည်။

"ကြိုးကြာလေ၊ ကိုယ့်ကို ချစ်အဖြေ ဘယ်နေ့ပေးမှာလဲဟင်"

"အင်း နေဦး၊ ရက်ကောင်းရက်မြတ်ရွေးလိုက်ဦးမယ်"

"ဟာကွာ၊ ကြိုးကြာလေးကလဲ"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်လေ၊ ဒါမှ မင်္ဂလာရှိတဲ့အချစ်ရေး အောင်မြင်ပြီး နှစ်တစ်ရာတိုင်ရှေ့လက်တွဲ မြဲမြဲခိုင်မှာပေါ့"

စင်ရော်ခမျာ သူ့နဖူးသူထုပြီး အောင်မလေးအော်ကာ ဘိုး၊ ဘေး၊ ဘီ၊ ဘင်သာ 'တ'လိုက်ချင်တော့၏။

ကြိုးကြာကတော့ မိန်းမတွေ မူပိုင်ခွင့်ရထားတဲ့ အပလီ၊ အခရာ၊ အညာအချွဲတွေနှင့်မူယာမာယာတွေ ပိုနေသည်။ ဒါလည်း စင်ရော်က ချစ်မှာပဲဆိုတာကို မိန်းမတို့ဗီဇသဘာဝက သိသည်။ ထို့ကြောင့် အစွမ်းကုန်ပလီနေခြင်းဖြစ်၏။

ဒါကို စင်ရော်ကလည်း ယောကျ်ားတို့ဗီဇသဘာဝအရ အလိုလိုသိသည်။ သိ၍လည်း နေ့ကောင်းရက်မြတ်ကို အမြန်ရောက်အောင် ဖန်တီးလိုက်၏။

ထိုနေ့ကား ယိုးဒယားမွေးပွဲကြောင်လေးယူသွားပြီး ကြိုးကြာတို့အိမ်ပို့သည်။ ပြီးတော့ ရန်ကုန်မြို့နာမည်ကြီးစားသောက်ဆိုင်မှာ ညစာစားဖို့ ထွက်ခဲ့သည်။ ချစ်ခွင့်ပန်ပြီး ချစ်အဖြေတောင်းခံခြင်းကို စိန်လက်စွပ်ခပ်သေးသေးတစ်ကွင်းဖြင့် ပူဇော်ပသလိုက်သည်။

ထိုနေ့သည် တကယ်ပင် နေ့ကောင်းရက်မြတ်ဖြစ်ခဲ့သည်။ စင်ရော်နှင့်ကြိုးကြာတို့နှစ်ယောက် တရားဝင်ချစ်သူတွေဖြစ်သွားကြ၏။

* * *


www.burmeseclassic.com

www.burmeseclassic.com

နှမြောတွန့်တိုသူကို ပေးကမ်းစွန့်ကြဲခြင်းဖြင့်
အောင်မြင်ရာ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

{ ၂၁ }

ကြိုးကြာတွင် ချစ်စရာအကောင်းဆုံးအချက်က ဟန်ဆောင်မှုမရှိဘဲ ရိုးသားပွင့်လင်းခြင်းပင်ဖြစ်သည်။ ဒါတင်မက နောက်ထပ် ချစ်စရာကောင်းသော အချက်တစ်ချက်ရှိသေးသည်။ ထိုအချက်က သူ့ဝမ်းသူ မည်မျှပင် မစားရက်၊ မသောက်ရက် နှမြော နှမြော၊ သက်ကြီးရွယ်အိုနှင့် မသန်မစွမ်းသူများဆိုလျှင် ကျွေးမွေး၊ ပေးကမ်းလိုက်ဖို့ ဝန်မလေးပေ။

ကြိုးကြာရဲ့ ကပ်စေးနည်းခြင်း၊ နှမြောခြင်းက စင်ရော်အတွက် အရေးမပါပါ။ စင်ရော် လက်တွဲမည့်သူ၊ တစ်သက်လုံး ရှာဖွေကျွေးမွေးရမည့်သူက ကပ်စီးနည်းတော့ စီးတဲ့ရေဆည်တဲ့ တန်သင်းပေါ့။ ဟုတ်ဖူးလား။

တစ်ခုတော့ ရှိသည်။ ကြိုးကြာက စင်ရော်နှင့်ချစ်သူတွေ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ခင်တုန်းက သူ့ငွေသူသာနမြောကပ်စီးနည်းတာ၊ ယခု စင်ရော်နှင့် ချစ်သူတွေဖြစ်သွားကြတော့ စင်ရော်ကို ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင် ထိန်းသိမ်းလာသည်။

"ကိုနော် ... ပိုက်ဆံကို ငါရှာနိုင်တယ်၊ ငါရှာထားတာဆိုပြီး စည်းမရှိ၊ ကမ်းမရှိ သုံးမပစ်နဲ့ ... ဟွန့်"

"အင်းပါ ကြိုးကြာလေးရယ်၊ ကြိုးကြာနဲ့တွေ့ပြီးမှ ပွိုင့်ခဏခဏဖြစ်လို့ ပိုသုံးမိတာပါ"

ဒါတော့ ဟုတ်သည်။ စင်ရော် ကားဝယ်တော့ ကားဈေးတွေ မကောင်းပေ။ ရောင်းမည်ဟု လှုပ်ရှားတော့ ဈေးတွေ ထိုးတက်တာနှင့် ကြုံသည်။ ထို့ကြောင့် ထက်ဝက်နီးပါးမြတ်တာများ၏။ ကိုယ့်ကားမရှိတော့လည်း သူများကားဆိုင်လျှင် ပွိုင့်ဖြစ်တာများသည်။ မည်သည့်ပစ္စည်းဖြစ်ဖြစ် စင်ရော့်လက်တွင် အမြတ်အစွန်းနှင့် ရောင်းထွက်သည်။

"ကြိုးကြာလေးနဲ့ကံစပ်တယ်ထင်တယ်၊ စတွေ့ကတည်းက ကိုတော့ စီးပွားဖြစ်တာပဲ"

အဲဒီစကားကြားတော့ ကြိုးကြာက ပြုံးသည်။ မိန်းမသားမဟုတ်လား။ ဒီလိုစကား မကျေနပ်သူ မည်သူရှိမည်နည်း။

စင်ရော်က ...

"ဒါတောင် ရည်းစားဖြစ်ရုံပဲရှိသေးတယ်၊ လက်ထပ်ပြီး အတူနေရင် ဒီ့ထက်ပိုစီးပွားတက်ဦးမှာ သိလားကြိုးကြာ"

"ဟွန်း ... သူ့အကြံချည်းပဲ"

"တကယ်ပါ ကြိုးကြာလေးရယ်၊ ကိုယ်တော့ ကြိုးကြာလေးနဲ့အခုဖြစ်ဖြစ် လက်ထပ်ချင်တော့တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com


"အံမယ် ... လွယ်မလား"

"မလွယ်ပေမယ့် ချစ်တယ်လေ"

"မလောပါနဲ့ ဆရာကြီးရယ်၊ စောပါသေးတယ်၊ ဒီ့ထက် ပိုပြည့်စုံအောင် တစ်နှစ်လောက် ပိုက်ဆံရှာစုလိုက်ပါဦး"

"တစ်နှစ်တော့ မလုပ်နဲ့ ကြိုးကြာလေးရာ၊ ခြောက်လပဲ ထား၊ တစ်နှစ်ရှာရမယ့်ငွေကို ခြောက်လနဲ့ရအောင်ရှာပေးမယ်၊ ဒါဆို ကျေနပ်မလား"

"အင်း၊ ဒါဆိုပြီးရောလေ၊ ကြိုးကြာတို့က အဲသလို အစွမ်း ရှိမှ သဘောကျတာ"

စင်ရော့်ပါးစပ်ကြီး ပြုံခနဲဖြစ်သွားသည်။

"ဒါနဲ့ ကြိုးကြာလေး"

"ဟင်!"

"ကပ်စေးနဲ့မနေဘဲ ငါးသိန်းတန်ဖုန်းလေးတော့ ဝယ်ကိုင် ပါလား၊ ဒါမှ ကြိုးကြားလေးကို သတိရတဲ့အခါ ဖုန်းဆက်ပြီး စကားပြောလို့ရမှာ"

"ဟင့်အင်း၊ ဝယ်ဘူး၊ နှမြောလို့တော့ မထင်နဲ့"

"ဟင်! ဒါဆို ဘာဖြစ်လို့လဲ"

"အဓိဋ္ဌာန်ထားလို့၊ အဓိဋ္ဌာန်ပျက်မှာစိုးလို့ မဝယ်တာ"

"ဘယ်လိုအဓိဋ္ဌာန်ထားတာလဲ"

"ဖုန်းကို အလကားရမှပဲ ကိုင်မယ်လို့ အဓိဋ္ဌာန်ထားတာ၊ အဲဒါကြောင့် ကြိုးကြာရဲ့အဓိဋ္ဌာန်ကို အပျက်မခံနိုင်ဘူး"

"ဟိုက်!"

* * *


www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

{ ၂၂ }

ဒီနေ့တော့ စင်ရော်အိမ်ကအထွက်ကို ထွန်းဆင့်ရော၊ ကျော်မင်းဦးပါ စောစောစီးစီးထပြီး စောင့်ဖမ်းကြပုံရတယ်။ ချွတ်ခနဲအသံကြားလိုက်တာနဲ့ အိပ်ရာထဲက အိပ်မှုန်စုံမွှားထလာကြပြီး တစ်ယောက်က ပုဆိုးပြင်ဝတ်၊ တစ်ယောက်က မျက်ချေးကလော်လုပ်နေတယ်။

“ဟော့ကောင် စင်ရော်၊ မင်းက အဲဒါ ဘာအချိုးလဲ”

“ဘာလဲကွ ထွန်းဆင့်ရ၊ ဘလိုင်းကြီးလာခွပ်နေပါလား”

“ကြောင်တောင်တောင်လုပ်မနေနဲ့စင်ရော်၊ မင်းက မနက်မိုးမလင်းသေးဘူး ထွက်သွားပြီ၊ ဘာသဘောလဲ”

“ထွန်းဆင့်ပြောတာ ဟုတ်တယ်၊ တစ်ရက်လည်းမဟုတ် နှစ်ရက်လည်းမဟုတ်၊ ကြည့်နေတာ ကြာပြီ၊ ငါတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မနက်ဆို အူပောင်းလောင်းနဲ့သွားနေရတာ၊ နောက်ရက်တွေရော ဘယ်လိုစားရမှာလဲကွ"

"အောင်မာ၊ ငါ့ကိုများ ငယ်ကျွန်ကြီးမှတ်နေလား၊ ဒီမှာ ထွန်းဆင့်နဲ့ကျော်မင်းဦး"

စင်ရော်က ထွန်းဆင့်နဲ့ကျော်မင်းဦးမျက်နှာကို စေ့စေ့ကြည့်လိုက်တယ်။ ပြီးမှ ...

"မင်းတို့ဖာသာ ဘယ်လိုစားစား၊ စားချင်သလိုစား၊ ခိုးစားစား၊ ဝှက်စားစား၊ တောင်းစားစား၊ လုစားစားကွာ ... ဟင်း ... တောက်"

ပြောပြီး စင်ရော်က ပိုက်ဆံအိတ်ဆွဲထွက်လာခဲ့တယ်။ အိမ်ထဲမှာတော့ ထွန်းဆင့်နဲ့ကျော်မင်းဦးရဲ့ ဆဲသံတွေ မိုးမွှန်ကျန်ခဲ့တာပေါ့။

"စောစောစီးစီး ကျက်သရေမရှိတဲ့ကောင်တွေ"

စင်ရောက်ကလည်း ပွစိပွစိပြောတာပေါ့။ ဟုတ်တယ်။ သေချာများ နဖူးပေါ်လက်တင်ပြီး စဉ်းစားကြည့်ကြပါဦး။ သူတို့ရဲ့ စားရေး၊ သောက်ရေးကို တစ်သက်လုံး တာဝန်ယူပေါ့မယ်လို့ ဘယ်သူက ဘယ်တုန်းက အာမခံထားလို့တုန်း။ ဟင်း။

အရင်ကတော့ ဟုတ်ပါတယ်။ မနက်ဆို သူတို့အားလုံး အဆာပြေစားဖို့ ပဲပြုတ်ထမင်းကြော်၊ မုန့်ဟင်းခါး၊ လက်ဖက်ရည် အီကြာကွေးတစ်ခုခုစီစဉ်ထားပေးနေကျပဲ။ အိမ်မှာ ဘာမှအဆင်သင့်မရှိရင် လက်ဖက်ရည်ဆိုင် အတူသွားတယ်။

အခုနောက်ပိုင်းက အဖြစ်က ဒီလို။

"အပြင်မှာသောက်ရင် ကော်ဖီမစ်ပလိန်းတစ်ခွက် နှစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ်၊ ကိုယ့်အိမ်မှာပဲ ဖျော်သောက်ရင် တစ်ခွက်တစ်ရာတောင် မကျဘူး၊ ရှစ်ဆယ့်ငါးကျပ်လောက်ပဲကျတာ၊ နန်းကြီးသုပ်တစ်ပွဲ ရှစ်ရာ ကိုးရာ ပေးစားမနေနဲ့၊ ဒီလိုသာ နေ့တိုင်းစားနေရင် ရှာသမျှ လောက်မှာမဟုတ်ဘူး၊ မနက်ဆို အိပ်ရာထတာနဲ့ ကြိုးကြာဆီ လာခဲ့၊ အိမ်မှာ လုပ်ကျွေးမယ်"

ကြိုးကြာအစီအမံနဲ့ အဲသလိုတွေဖြစ်ကုန်တာ။ စင်ရော် က ပိုက်ဆံကို အဲသလောက်တွက်ချက်နေမြော်သူ မဟုတ်ဘူး။ ဒါပေမယ့် နေ့တိုင်းချစ်သူမျက်နှာကြည့်ပြီး၊ ချစ်သူပြင်ဆင်ပေးတဲ့ မနက်စာစားရမှာ။

ဒီတော့ စင်ရော်တို့ ဘာကု စာဒကတက် စဉ်းစားနေရ ဦးမှာလဲ။ မနက်ဆို ကြိုးကြာဆီ တန်းနေအောင်ပြေးပြီ။ အဲဒါနဲ့ ဟိုနှစ်ကောင် ငတ်ပေါက်တိုးပြီး ဒီမနက် ပြဿနာရှာတာ။

အခုဆို တခြားအလုပ်တွေဖြစ်လို့ ဒီကောင်တွေဆီက နှစ်ပဲခြောက်ပြားပိုက်ဆံယူပြီး ထမင်းဟင်းချက်တဲ့အလုပ်ကို စိတ် မဝင်စားတော့ဘူး။ ဟုတ်တယ်လေ။ ဘယ်လောက်ကြီးရလို့လဲ။ အလုပ်မဖြစ်တဲ့အချိန်တုန်းကသာ ဘယ်လောက်ဝင်ဝင်ဆိုပြီး လုပ် နေတာ။

စင်ရောက စုတ်ရော၊ လာဘ်ရောဝင်ချိန်၊ အကျိုးပေးချိန် မို့လားမသိဘူး။ အချစ်ရေး အဆင်ပြေသလို၊ စီးပွားရေးတွေလည်း အဆင်ပြေပြီး နေရာစုံက ငွေဝင်နေတယ်။ ဝယ်သမျှပစ္စည်းကံစမ်း မဲပေါက်တယ်။ ဘာရောင်းရောင်း ဘာဝယ်ဝယ်မြတ်တယ်။

ဒီနောက်ပိုင်း ဘီယာကံစမ်းမဲဆုငွေတွေက များလို့ မကြိုက်တဲ့ဘီယာတောင် သောက်တတ်နေပြီ။ အီလက်ထရွန်နစ်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေကလည်း ကံစမ်းမဲက သိန်းနှစ်ဆယ်၊ သုံးဆယ်ပေးလို့ အဲယားကွန်းတစ်လုံးဝယ်ပြီး ကြိုးကြာအိမ်မှာ တပ်ပေးဖို့ စိတ်ကူးထားတယ်။

ဟုတ်တယ်လေ။ စင်ရော်က အိမ်ပိုင်မှမရှိတာ။ ဒီပုံအတိုင်း စီးပွားတက်လာမယ်ဆိုရင်တော့ ရှေ့နှစ်ဝယ်နိုင်ကောင်းပါရဲ့။

လောလောဆယ် ကြိုးကြာနဲ့ လက်ထပ်ဖြစ်ရင် ကြိုးကြာအိမ်မှာပဲ လိုက်နေရဦးမှာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

{ ၂၄ }

"ကိုက အလုပ်မျိုးစုံလုပ်တတ်တာကို ကြိုးကြာ ချီးကျူးတယ်၊ ဒါပေမယ့် အတည်တကျ လုပ်ငန်းတစ်ခုတော့ရှိမှပေါ့၊ ဒါမှသူ လေးစားတာ"

ကြိုးကြာဆိုတဲ့ သူ့ချစ်သူကောင်မလေးကို စင်ရော် တော်တော့်ကို အံ့ဩတယ်။ တကယ်ပါပဲ။ သူ့ထက် တစ်ဘွဲ့လောက်သာ ပိုရခဲ့ရင် ဒီထက်ပိုပြီး ဘယ်လောက်များ ဩဇာအာဏာပေး၊ ဆရာလုပ်လိုက်မလဲမသိဘူး။

အခုတောင် ဆရာလုပ်လွန်း၊ ထောင့်စေ့အောင် ခိုင်းတတ်လွန်းလို့ စင်ရော်ခမျာ ရှုပ်နေတာပဲ။

"အတည်တကျလုပ်ငန်းကတော့ ကြိုးကြာလေးနဲ့လက်ဆပ်ပြီးမှ စဉ်းစားမယ်၊ အခုတော့ ရှာလို့ရသမျှ ပိုက်ဆံစုပြီး



www.burmeseclassic.com

www.burmeseclassic.com


ကြိုးကြာလေးကို အရင်လက်ထပ်ရမယ်၊ ဒါပဲ"

"ဟွန်း"

ကြိုးကြာ မူနွဲ့နွဲ့နှုတ်ခမ်းစူပါတယ်။ ဟုတ်တယ်လေ။ ပိုက်ဆံက ထွက်မပြေးဘူး။ မိန်းမက ထွက်ပြေးသွားနိုင်တယ်။ သဘောပြောတာပါ။

"ကြိုးကြာလေးရေ၊ ကိုတော့ ဖေဖေနဲ့မေမေ့ကို အကြောင်းကြားပြီးသွားပြီ၊ သူတို့ ဘယ်အချိန် လာတောင်းပေးရမလဲတဲ့"

"အယ် ... ကိုကလည်း၊ ကြိုးကြာက ဖေဖေနဲ့မေမေကို သေချာ မပြောရသေးဘူး၊ နေ့ကောင်းရက်မြတ်ရွေးပြီးမှပဲ ..."

"ဟာ ... ကြိုးကြာလေးကလည်း လုပ်ပြီ"

ဒါနဲ့ပဲ ကိုးရိုးယားဇာတ်ကားတွေထဲကလို အတုခိုးပြီး ဖေဖေနဲ့မေမေအတွက်လို့ဆိုကာ ပစ္စည်းစုံဝယ်၊ အထုတ်ကြီးကြီး ထုတ်၊ နေ့ကောင်းရက်မြတ်ရွေးပေးလိုက်ပါတယ်။

ဩော် ... မိန်းမ၊ မိန်းမ။ မိန်းမတွေများ။

တိုတိုနဲ့လိုရင်းပြောရရင် နောက်ဆုံး သူ့မိဘ၊ ကိုယ့်မိဘ နှစ်ဖက်စလုံး အသိပေးပြီးသွားပြီဆိုပါတော့။

လောလောဆယ်မှာ ကန့်ကွက်တာ၊ သဘောမတူတာ စတဲ့ အဖုအထစ်စကားတွေ ဘယ်ဘက်ကမှ မကြားရဘူး။ မကြာ ခင်အချိန်အတောအတွင်း နှစ်ဖက်မိဘဆုံပြီး လာရောက် ကြောင်း လမ်းတောင်းရမ်းပေးကြတော့မှာ။

"ကိုနော် ... မိဘတွေ လာစေ့စပ်ပေးမယ့်ရက် နီးနီးလာ ပြီ၊ ခုတလော အနံ့လေးတသင်းသင်းနဲ့ ... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com


"ကြိုးကြာလေးရယ်၊ ဘီယာတစ်လုံးပဲ ဝယ်သောက်ရသေးတယ်၊ အဝတ်လျှော်စက်ကံစမ်းမဲပေါက်လို့ ကြိုးကြာလေးအိမ်ပေါ်ပဲရောက်နေပြီမဟုတ်လား၊ ဆုမဲတွေ အများကြီးကျန်သေးတယ်၊ သိန်းနှစ်ဆယ်ဆုကြီးပေါက်ပြီးရင် ဝယ်မသောက်တော့ဘူး"

"ဟွန်း"

ဘယ်လိုပဲ နားလှည့်ပါးလှည့်လုပ်တဲ့စီးပွားရေးဈေးကွက်လို့ပဲပြောပြော စင်ရော်က ဘယ်ကုန်ပစ္စည်းမဲဖြစ်ဖြစ်၊ သေးသေးကြီးကြီးအမြဲပေါက်နေတာ အံ့သြစရာပါပဲ။

"ဘီယာသောက်ပြီး ပိုက်ဆံရှာမယ့်အစား သီချင်းဆိုပြိုင်ကြည့်ပါလား"

"ကိုက အသံမှမကောင်းတာ၊ ဒါကြောင့် မပြိုင်တာ"

"မကောင်းလည်း 'မီး'တစ်လုံးလောက်လင်းရုံနဲ့ ဆုငွေတော့ ရသေးတာပဲ"

"ဘာသီချင်းဆိုရမှန်း မသိဘူး၊ ဘာသီချင်းမှလည်း မရဘူး"

"ကျားပေါက်ရဲ့သီချင်း ဆိုပါလား"

"ကျားပေါက်၊ ဟင့်အင်း၊ ကို မသိဘူး"

"ဆင်ပေါက်ရော"

"နားမထောင်ဖူးဘူး"

"ရက်ပါ ကြက်ဖရော"

"မကြားဖူးဘူး၊ ကိုက သီချင်းလုံးဝ ဝါသနာမပါလို့ သီချင်းကို တစ်ခါမှ ဖွင့်နားထောင်တာမျိုးမရှိဘူး၊ သူများဖွင့်လို့ နားထဲကြားတာပဲ နားထောင်တာ"


www.burmeseclassic.com

www.burmeseclassic.com



"ဟင်း! စိတ်ပျက်လိုက်တာ ... ဒါဆို ကို သိတာ ဘာရှိလဲ"

"အင်း ... ကိုသိတာတော့ လမ်းထိပ်ဘာဘူ့အိမ်က ဆိတ် ပေါက်ပဲသိတာ"

"သေလိုက်"

* * *



www.burmeseclassic.com

www.burmeseclassic.com

{ ၂၄ }

စင်ရော့်အဖြစ်က ဘာနဲ့တူသလဲဆိုတော့ ကိုယ့်ဇောနဲ့ကိုယ် ဘောလုံးကို ဂိုးသွင်းဖို့ အရှိန်နဲ့အားကုန် အသဲအသန်ဆွဲပြေးလာပြီးမှ လူကျွံဘောခရာအမှုတ်ခံလိုက်ရတဲ့အဖြစ်နဲ့တူနေတယ်။

ဘယ်လိုတူတာလဲတော့ မမေးနဲ့ကိုယ့်ဆရာရေ။ ဖြစ်ပုံကဒီလို။ အခုဆိုရင် သူ့မိဘဆွေမျိုးသားချင်းတွေရော၊ ကြိုးကြာမိဘနဲ့ဆွေမျိုးသားချင်းတွေရော ရန်ကုန်ကိုရောက်နေကြပြီ။ နက်ဖြန်ဒီဘက်ဆို နှစ်ဖက်မိဘတွေ့ပြီး စင်ရော်နဲ့ကြိုးကြာကို တရားဝင်နေ့စပ်ပေးကြတော့မှာ။

ကုသိုလ်ကံများ ဆိုးလိုက်ပုံက ညနေပိုင်း ထွန်းဆင့်၊ ကျော်မင်းဦးတို့နဲ့အတူ ဘီယာသောက်ပြီး ပြန်လာကြတယ်။ စင်ရော့်မိဘတွေက စင်ရော်နေတဲ့အိမ်မှာမတည်းဘူး။ ဆွေမျိုးသား



www.burmeseclassic.com

www.burmeseclassic.com



ချင်းအိမ်မှာ တည်းကြတာ။

ဒီတော့ စင်ရော်တို့ ပိုပြီး ကဲချင်တိုင်းကဲနေတော့တာပေါ့။ သူငယ်ချင်းနှစ်ယောက်ကလည်း သူငယ်ချင်းကောင်းပီသကြပါ တယ်။ အဆင်းဆို ဘီးတပ်မယ်၊ ချောက်နားရောက်ရင် တွန်းချ မယ်၊ လိုတစ်မျိုးမလိုတစ်မျိုးနဲ့ သာပေါင်းညာစားတွေ။

"မင်းမဆိုးဘူး စင်ရော်၊ အခုဆို ဘီယာလည်း သောက် တတ်ပြီ၊ မိန်းမလည်းရတော့မယ်"

ထွန်းဆင့်က ခပ်ထွေထွေခပ်လေးလေးနဲ့ပြောတယ်။ စင်ရော်က ...

"ဟင်း ... ဘာမှလည်းမဆိုင်ဘူး"

"ဟ! ဘာလို့မဆိုင်ရမှာလဲ! သိပ်ဆိုင်တာပေါ့ကွ၊ ယောကျ်ားတစ်ယောက်ရဲ့ဘဝမှာ ဘီယာရော၊ မိန်းမရော မရှိမဖြစ် လိုအပ်တယ်ကွ၊ ဂေ့"

"အဲဒါတွေ ငါမသိဘူး၊ ငါသိတာက ဆုမဲကြီးမပေါက် သေးလို့ သောက်နေတာ၊ ထို ... ခါးကခါး၊ နံကနံနဲ့၊ အဲ ... ရစ်တစ်တစ် ရီဝေဝေဖီလင်လေးတော့ ကြိုက်သား"

"လာမယ်လေ၊ နောက်ဆို အရသာသိသွားရင် မောင်ကြီး တစ်တို့ဖြစ်သွားမယ်"

"ကံစမ်းမဲကာလကုန်တော့မယ်ကွ၊ မြန်မြန်သောက်၊ များ များသောက်၊ ငွေလည်းများများပေါက်"

ကျော်မင်းဦးကလည်း ဘီယာကြိုက်သူမို့ တစ်ချီတစ်ချက် ဝင်ဝင်မြှောက်တယ်။ စင်ရော်က ...

"မဲကတော့ ဆုကြီးများများ ပေါက်မပေါက်မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရှူးတော့ များများပေါက်နေရပြီ”

“လာမယ်လေကွာ၊ မပူနဲ့ သောက်တာသောက် အေး”

“ထပ်မှာကွာ”

“ဟော့ကောင်တွေ၊ ဆယ်ဂါလံလောက်ရှိတော့မယ်ဟ”

“ပါးပါးလေးပါကွာ”

အဲသလိုနဲ့ အသကုန်ဆွဲလိုက်၊ ကဲလိုက်ကြတာ ရွာလည်၊ တိုင်ပတ်ကုန်ရောဆိုပါတော့။

“ဟော့ကောင်တွေ ငါ ... ငါ မရတော့ဘူးကွ၊ အေ့ ဝေါ့”

အပြန်လမ်းမှာတော့ စင်ရော်တစ်ယောက် ကွိုင်တက်ပြီ။ တဝေါ့ဝေါ့ထိုးအန်သလို ဗိုက်တွေ လှိမ့်နာလာလို့ သေရပါတော့ မယ်ဆိုပြီး လမ်းဘေးထိုးလဲကျတော့တာပဲ။

“အား ... အား၊ နာလိုက်တာ ... သေတော့မယ်၊ ကျွတ် ကျွတ်”

“ဟော့ကောင် စင်ရော်၊ အရက်သောက်ပြီး အန်တာ ... နာတာလောက်ကို သေတော့မလို ညည်းနေတယ်၊ ယောကျ်ား ဟုတ်တဲ့အတိုင်းပဲ”

အစပိုင်းတော့ စင်ရော် မူယာမာယာများပြီး ပလီနေတယ် ဆင်ပြီး ထွန်းဆင့်နဲ့ကျော်မင်းဦးက ဟောက်စားလုပ်နေသေးတာ။

နောက်မှ စင်ရော်တစ်ယောက် လူးရင်းလှိမ့်ရင်း ချွေးတွေ ရွှဲနစ်နေပြီး သတိလစ်မေ့မျောသွားတော့မှ ပြူးပြူးပျာပျာဖြစ်ကုန် ကြတာပေါ့။

“ဟိုက် ... အကျိုးနဲ့၊ တကယ်ဖြစ်တာ ကျော်မင်းဦးရ”

“အေး ... ဟုတ်တယ်၊ ဟော့ကောင် စင်ရော် စင်ရော်”



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး ကျော်မင်းဦး၊ ဆေးရုံပို့မှဖြစ်မယ်"

"စင်ရော် ... မင်းသေလို့မဖြစ်သေးဘူးနော်၊ မိန်းမမရ သေးဘူး"

"အာ ... အရေးထဲ"

* * *



www.burmeseclassic.com

www.burmeseclassic.com

{ ၂၅ }

ဒီလိုနဲ့စင်ရော်တစ်ယောက် ဆေးရုံရောက်သွားရောဆိုပါတော့။ စေ့စပ်ကြောင်းလမ်းမယ့်နေ့ သတို့သားလောင်းမရှိတော့ ပြဿနာပေါ့။ ပြဿနာဆိုတာက စေ့စပ်တာကို ရက်ရွှေ့လိုက်လို့ ရပေမယ့် ခက်တာက ကြိုးကြာမိဘတွေ။

စင်ရော် ဆေးရုံကဆင်းတော့ ကြိုးကြာတို့အိမ် တန်းသွားလိုက်တယ်။ ခန္ဓာကိုယ်ကြီးဖောက်ပြန်လို့ မကျန်းမမာဖြစ်တာကြောင့် စေ့စပ်ရက်ပျက်ကွက်တာကို တောင်းပန်ပြီး မနက်ဖြန်အတွက် ညှိဖို့ပေါ့။

"မင်းက ဘာလာလုပ်တာလဲ"

"ခင်ဗျာ"

သူ့ကိုမြင်တာနဲ့ ယောက္ခမအထီးကြီးက ဆီးပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



စင်ရော်က တအံ့တသြဖြစ်သွားပြီး ...

"ဟို ဟို"

"ဟိုဟိုဒီဒီတွေ လုပ်မနေနဲ့၊ မင်းမိဘတွေ မပြောဘူးလား"

"ကျွန်တော် ဆေးရုံကတန်းလာတာ၊ ဟို ဘာမှသိပ် ကြီးကြီးကျယ်ကျယ်ဖြစ်တာမဟုတ်ဘူး၊ အစားမှားတာပါ"

"သြော် သြော်၊ အသောက်မှားတာမဟုတ်ဘူးလား၊ ဒီမှာ မောင်စင်ရော် ခုလိုအချိန်မီလေးသိလိုက်ရတာ ငါတို့သမီးအတွက် ကံကောင်းတာပဲ၊ မင်းလိုအရက်သမား၊ ဖဲသမား၊ အလောင်း အစားသမားနဲ့တို့သမီး သဘောမတူဘူး၊ မင်းမိဘနဲ့တွေ့ပြီး အပြတ် ပြောပြီးပြီ၊ မင်း ပြန်တော့ ဒါပဲ"

ယောက္ခမအမကြီးကပါ ဝင်ပြောတယ်။

"မဟုတ်သေးပါဘူး ဒေါ်ဒေါ်ရယ်၊ စွပ်စွဲချက်တွေက မဟုတ်သေးပါဘူး၊ ကျွန်တော့်အကြောင်း ကြိုးကြာ သိပါတယ်"

"ဟော့ ... မင်း ဘာမှပြောမနေနဲ့ ပြန်ဆိုပြန်၊ မဟုတ်လည်း လောလောဆယ်စေ့စပ်ဖို့တော့မဖြစ်နိုင်ဘူး၊ အချိန်ယူစောင့်ကြည့် ဖို့တော့လိုမယ်"

ယောက္ခထီးကြီးကပါ ထပ်ပြီးပြောလာပြန်တယ်။

ကြိုးကြာက ဘယ်ရောက်နေတာတဲ့လဲ။

"ကျွန်တော် ကြိုးကြာနဲ့တွေ့ပြီးမှပြန်မယ်၊ ကျွန်တော့်ကို အရက်သမား၊ လောင်းကစားသမားပြောတာ လုံးဝမခံနိုင်ဘူး"

"အောင်မာ၊ မခံနိုင်ရင် လဲသေလိုက် ဟော့ကောင်၊ စေ့စပ် မယ့်ရက်ပျက်အောင် အမူးလွန်ပြီး ဆေးရုံရောက်တဲ့ကောင်ကများ ပြန်ကွာ ကြာရင် ငါစိတ်တိုလာလိမ့်မယ်၊ ပြန်"



www.burmeseclassic.com

www.burmeseclassic.com


စင်ရော် ဘာဆက်ပြောရမှန်းမသိတော့ဘူး။ တော်သေးတာပေါ့။ အဲဒီအချိန်မှာပဲ စုထွေးရောက်လာပြီး မျက်နှာရိပ်မျက်နှာကဲပြတယ်။ ဘာမှ ဆက်မပြောနဲ့တော့ဆိုတဲ့အဓိပ္ပါယ်။

"ကိုစင်ရော်၊ အိမ်ပြန်နားလိုက်ပါဦးနော်"

စုထွေးကပြောပြီး အိမ်ရှေ့ထိ လိုက်ပို့ပေးတယ်။ ကြိုးကြာအဖေနဲ့အမေက အိမ်ထဲ ဝင်သွားကြပြီ။

"ကြိုးကြာက တကယ်မရှိတာလား၊ တမင်ထွက်မတွေ့တာလား စုထွေး"

"တကယ်မရှိတာပါ ကိုစင်ရော်၊ သူ့မိဘတွေက ဒီမှာ ကြာဦးမှာဆိုတော့ လိုတာတွေ သွားဝယ်နေတာ"

"အခုက ဘာတွေဖြစ်ကုန်ပြီလဲ"

"ဘာတွေဖြစ်ကုန်ရမှာလဲ! မနေ့က ကိုစင်ရော့်သူငယ်ချင်းတွေ လာသွားတယ်လေ၊ ကြိုးကြာနဲ့စကားပြောဆိုနေကြတာကို သူ့မိဘတွေကြားသွားရာက အခုလိုဖြစ်ကုန်တာပဲ"

"ဟင်! ဒီအတိုင်းရိုးရိုးနေမကောင်းလို့ ဆေးရုံတက်ရတယ်မပြောဘဲ ဘာတွေလျှောက်အာချောင်လိုက်လို့ ခုလိုဖြစ်ကုန်ရတာလဲ! တောက်"

"သိပ်လည်း စိတ်မပူပါနဲ့ ကိုစင်ရော်၊ ကျွန်မတို့ နည်းလမ်းရှာကြတာပေါ့"

ပြောတာလွယ်တယ်။ ဒီမှာက ခရာအမှတ်ခံနေရတဲ့ဥစ္စာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

{ ၂၆ }

မိန်းကလေးရှင်အိမ်ကို စေ့စပ်ကြောင်းလမ်းတောင်းရမ်းသွားဖို့ အချိန်မီရောက်မလာကတည်းက စင်ရော်ကို မိဘနှစ်ပါးနဲ့ဆွေမျိုးတွေကတင်းနေကြတာ။

ခု စင်ရော်ကိုလည်းမြင်ရော စင်ရော့်ဖေဖေ့ဒေါသက ယမ်းပုံမီးကျ ပေါက်ကွဲတော့တာပဲ။

"ဟေ့ကောင်၊ မင်းက ငါတို့ကိုခေါ်ပြီး အရှက်ခွဲတာပေါ့ဟုတ်လား ငစင်ရော်"

"မဟုတ်ရပါဘူး ဖေဖေရာ"

"မင်းကသာမဟုတ်တယ်၊ ဟိုဘက်က မိဘတွေက မေမေတို့ရောက်သွားတော့ အရက်သမား၊ ဖဲသမားနဲ့သူ့သမီး မပေးစား



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးပြောလွှတ်ခဲ့တာ၊ မနက်စောစော ထွန်းဆင့်တို့ဖုန်းဆက်တော့ သားဗိုက်နာလို့ ဆေးခန်းသွားပြတယ်၊ နောက်ကျမှာမို့ အရင်သွားနှင့်လို့ပဲပြောတာ"

မေမေက ဝင်ပြောပြတယ်။ စင်ရော်က ...

"အဲဒီ ဂြိုဟ်ကောင်နှစ်ကောင်ကြောင့် ရှုပ်ကုန်တာပေါ့၊ ဟိုဘက်က အထင်လွဲနေတာပါ၊ ဖေဖေနဲ့မေမေလည်း ကျွန်တော့်အကြောင်းသိသားပဲ၊ ကျွန်တော်သာ တကယ်ပဲ သောက်စားမူးယစ်ဆိုးမိုက်နေရင် ဒီလို ဘယ်ရပ်တည်နိုင်ပါ့မလဲ၊ မဟုတ်ဘူးလားဗျာ"

ဖေဖေနဲ့မေမေ ငြိမ်သွားတယ်။ ငြိမ်မှာပေါ့။ သူ့သားက အရက်၊ ဆေးလိပ်မကြိုက်မှန်း သူတို့သိတာပဲ။ ပိုက်ဆံရှာချင်လွန်းတာ ရှာတတ်တာလည်းသိတာပဲ။ အဲဒါကြောင့် ခုလိုအပြောခံရတော့ နာနေတာ။

"ဖေဖေနဲ့မေမေ အေးအေးဆေးဆေးနားနားနေနေသာနေ ဒီကိစ္စ အမြန်ပြေလည်အောင် ကျွန်တော် ဖြေရှင်းပါ့မယ်"

အဲသလို နှစ်သိမ့်ပြောဆိုထားပြီး ဟိုနှစ်ကောင်ကို မြေလှန်ရှာဖို့ထွက်လာခဲ့တယ်။

ဒင်းတို့နှစ်ယောက်က စင်ရော်မရှိတဲ့အချိန်မှ အိမ်ပြန်လာပြီး စင်ရော့်အရိပ်အယောင်တွေ့ရင် လစ်ပြီ။ ဒီညတော့ အိမ်ပေါက်ဝကကို ဓားထမ်းပြီးစောင့်လိုက်ဦးမယ်လို့ စင်ရော် တေးထားလိုက်တယ်။

လောလောဆယ် ကြိုးကြာနဲ့တွေ့ရဖို့ကလည်း အရေးကြီးနေတယ်။ ကြိုးကြာနဲ့ ပထမဆုံးစတွေ့တဲ့လက်ဖက်ရည်ဆိုင်လေး



www.burmeseclassic.com

www.burmeseclassic.com


မှာ စောင့်နေမယ့်အကြောင်း စုထွေးကို မှာထားခဲ့ပြီးပြီ။ ဒီတော့ အဲဒါစောင့်ဖို့က ပိုအရေးကြီးတာပေါ့။

ဒါနဲ့ ကြိုးကြာကို လက်ဖက်ရည်ဆိုင်က ထိုင်စောင့်နေမိတယ်။

"ဘာသောက်မှာလဲ အစ်ကို၊ ကံစမ်းမဲပါတဲ့ကော်ဖီမစ်ပဲလား"

စားပွဲထိုးလေးက ပြုံးဖြဲဖြဲနဲ့လာမေးတယ်။ မနေ့ညက ဆေးရုံရောက်တာ ကံစမ်းမဲပေါက်ချင်လွန်းလို့ ကော်ဖီမစ်တွေသောက်တာ များသွားတာရယ်၊ နှစ်ထုတ်ဝယ်ရင် တစ်ထုတ် လက်ဆောင်အပိုရတဲ့ ဝက်အူချောင်းတွေ အစားများတာရယ်၊ ဆယ့်ငါးသိန်းပေါက်မလားလို့ များများသောက်မိတဲ့ဘီယာရယ်။ မသေရုံတမယ်ပါပဲ။

"ဟွန့်"

ဟော ... လာပါပြီ။ ကျွန်တော့်ချစ်သူဇနီးလောင်းလေး ကြိုးကြာ။ လူက ခုံမှာ ဝင်မထိုင်ရသေးဘူး နှုတ်သီးနဲ့မျက်စောင်းက အရင်ရောက်လာပါတယ်။

"ကြိုးကြာလေး"

"သွားပါ"

"သွားပါမလုပ်နဲ့၊ ကို့အကြောင်းသိရဲ့နဲ့ ဘာလို့ မိဘတွေကို ရှင်းမပြတာလဲ"

"စိတ်ဆိုးနေတုန်း ရှင်းပြလို့ရမလား၊ ကို့သူငယ်ချင်းနှစ်ယောက်က ကိုအမူးလွန်တာ၊ ဟိုးနေ့က ဖဲဝိုင်းမှာ အိပ်ရေးပျက်လို့ အားနည်းပြီးလဲသွားတာ၊ ကော်ဖီမစ်တွေလည်း အလွန်အကျွံ



www.burmeseclassic.com

www.burmeseclassic.com



သောက်တာ အဲဒါတွေ ကြိုးကြာကိုပြောနေတုန်း၊ ဖေဖေနဲ့မေမေ ကြားသွားတာပဲ"

"ဒီကောင်တွေ ကို့ကို သက်သက်ချောက်တွန်းတာ၊ မနက် မနက် သူတို့ကို ဘာမှမကျွေးဘဲ ပစ်ထားပြီး ကြိုးကြာလေးဆီ လာလာနေတာကို အငြိုးထားတာလေ"

"ခစ်"

"ဩော် ... ရယ်နိုင်သေးတယ်ပေါ့"

"ရယ်တယ်လေ၊ ဖေဖေနဲ့မေမေ စိတ်ဆိုးပြေတဲ့ထိ စောင့် ပေဦးတော့ပေါ့၊ ဟင်း ဟင်း"

"ဟူး"

* * *



www.burmeseclassic.com

www.burmeseclassic.com

{ ၂၇ }

"ကြိုးကြာတို့ဘက်က မင်းကို အရက်သမား၊ ဖဲသမားလို့ စွပ်စွဲတာ ကျေအောင် ငါတို့လုပ်ပေးပါ့မယ်"

"ဟုတ်တယ် စင်ရော်၊ ပြီးတော့ မင်းနဲ့ကြိုးကြာ မြန်မြန် မင်္ဂလာဆောင်ဖြစ်အောင် ငါတို့ ဖန်တီးပေးမယ်"

ထွန်းဆင့်နဲ့ကျော်မင်းဦးက သူတို့ချောက်တွန်းတာ လွန်သွားတဲ့အတွက် သူတို့အပြစ်ကျေအောင် လုပ်ပေးမယ်လို့ပြောနေတာ။ စင်ရော်က သိပ်တော့ အယုံအကြည်မရှိပါဘူး။ စားကောင်းသောက်ကောင်းအောင် ပြောနေကြတာလည်းဖြစ်ချင်ဖြစ်မှာပေါ့။

ဒါပေမယ့် ဟုတ်သော်ရှိ မဟုတ်သော်ရှိ ကြိုးကြာလေးနဲ့ မြန်မြန်တော့ လက်ထပ်ချင်သား။

"ဟီး ... မင်းတို့တကယ်ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်မနက်ထိပဲ စောင့်ကြည့်ပါလေ"

"ဟုတ်တယ် စင်ရော်၊ ငါတို့အစွမ်း ဘယ်လောက်ရှိသလဲ ဆိုတာ တစ်ခါတည်း မင်းသိသွားမယ်၊ ပြီးရင် အိမ်ဦးခန်းမှာ တစ်နှစ်လောက် ထိုင်ကန်တော့သွားချင်စိတ်ပေါက်သွားလိမ့်မယ်"

"ကြိုးကြာလေးနဲ့သာ မြန်မြန်လက်ထပ်ရစမ်းပါစေ၊ တစ်နှစ်မဟုတ်ဘူး၊ တစ်သက်လုံး ပူဇော်ပသပါ့မယ်"

မနက်ဖြန်မနက်ဟာ စင်ရော့်အတွက် အတော့်ကို ရင်ခုန်စရာကောင်းနေတယ်။ အကြိုအောင်ပွဲဆိုပြီး အငတ်နှစ်ကောင်ကို စားသောက်ဆိုင်မှာ ပြုစုကျွေးမွေးလိုက်ရသလို ညနေကျ ဘီယာကတိုက်ရသေးတယ်။ စင်ရော်ကတော့ မသောက်တော့ဘူး။

"မနက်က ထမင်းစားပြီး မင်းနဲ့လမ်းခွဲတာနဲ့ ငါတို့လုပ်ငန်းစတာပဲ"

ကျော်မင်းဦးက အာလေးလျှာလေးနဲ့ပြောတယ်။

ထွန်းဆင့်က ...

"ငါတို့စီမံချက်အပြည့်အဝအောင်မြင်လိမ့်မယ်ကွ၊ မင်း မနက်ဖြန်မနက်စောင့်သာကြည့်ပေတော့ စင်ရော်"

အင်း။ လန့်တာတော့ ခပ်လန့်လန့်ပဲ။ ဘာတွေ လုပ်ခဲ့ကြလဲ မသိဘူး။

ဘာပဲဖြစ်ဖြစ် စင်ရော်တစ်ယောက် မနက်စောစောထပြီး နေ့သစ်ကို ရင်ခုန်စွာကြိုဆိုနေခဲ့တယ်။ နေရောင်ခြည်က တဖြည်းဖြည်းအရောင်ရင့်လာပြီး အရှေ့ဘက် မိုးကောင်းကင်ကနေ အလေးပြုနေတယ်။

စင်ရော်က ရေမိုးချိုး၊ အဝတ်အစားလဲပြီး ကြိုးကြာနဲ့တွေ့



www.burmeseclassic.com

www.burmeseclassic.com


ဒို့ တုံးစံအတိုင်း လက်ဖက်ရည်ဆိုင်ထွက်လာခဲ့တယ်။ သူ ထိုင်ခုံပေါ် မထိုင်ရသေးခင်အချိန်လေးမှာပဲ ဆိုင်ထဲကို ငိုကြီးချက်မနဲ့ ဝင်လာသူက ကြိုးကြာ။ အချိန်က နံနက်ကိုးနာရီ။

"ဟင်! ကြိုးကြာလေး၊ ဘာဖြစ်လာတာလဲ"

စင်ရော်က အထိတ်တလန့်ဆီးကြိုမေးလိုက်တယ်။ နှစ်ယောက်စလုံး မိုးတိုးမတ်တပ်ပဲ။

ကြိုးကြာက တစ်ချက်ရှိုက်လိုက်ပြီး ...

"ခုလေးတင်ပဲ ကို့ရဲ့အဖေနဲ့အမေ ကြိုးကြာတို့အိမ်လာသွားတယ်"

"ဟင်! ဟုတ်လား"

"လာပြီး ဘာပြောသွားတယ်မှတ်သလဲ ကိုရဲ့"

"အင်း ... ဘာပြောသွားတာလဲ"

"သူတို့ဘက်ကလည်း ကြိုးကြာနဲ့ ကို့ကို သဘောမတူဘူး၊ မပေးစားနိုင်ဘူးလို့လာပြောသွားတာ၊ အဟင့်"

"ဟာ"

စင်ရော့်ငယ်ထိပ်ကို သွေးတွေဆောင့်တက်သွားသလားအောက်မေ့ရတယ်။ ဒါ ဟိုနှစ်ကောင်လက်ချက်ပဲဖြစ်ရမယ်။ ဘာတွေမွှေလိုက်ပြန်ပြီလဲမသိဘူး။ တောက် ...။

စင်ရော်က ...

"ကို့ဖေဖေနဲ့မေမေက ကြိုးကြာလေးနဲ့ ဘာလို့သဘောတူဖြစ်သွားရတာတဲ့လဲ ဟင်! ဘာပြောသလဲ"

"အဟင့်! ကြိုးကြာကိုလေ ခွေးခေါင်းစုတ်တဲ့မိန်းမတဲ့၊ သူတို့သားကို ခွေးခေါင်းစုတ်တဲ့အမျိုးနဲ့ မပေးစားနိုင်ဘူးတဲ့


www.burmeseclassic.com

www.burmeseclassic.com


ကြိုးကြာက ခွေးသားလည်းမစားဘူး၊ ခွေးခေါင်းလည်းမစုတ်ရပါဘူး ကိုရယ်၊ အဲ ... ငါခေါင်းတော့ ကြိုက်လို့ စုတ်တယ်၊ အဟင့်"

"ဟိုက်"

* * *


www.burmeseclassic.com

www.burmeseclassic.com

{ ၂၈ }

ဝန်ထောက်မင်းကယ်မှ ထောင်လုံးလုံးကျရတဲ့အဖြစ်။ ဟိုနှစ်ကောင်ကိုတော့ တွေ့ရာသင်္ချိုင်း ဓားမဆိုင်းပဲ။ အဟုတ်။ ဒီလို မဟုတ်တရုတ်စကားတွေ စင်ရော်ဖေဖေနဲ့မေမေကို ထွန်းဆင့်နဲ့ ကျော်မင်းဦးပဲ သွားပြောတာနေမှာ။

ခုကြည့်လေ ... တစ်နေ့ခင်းလုံးရှောင်ပြေးနေကြတယ်။ ညနေပိုင်းရောက်တော့ ထွန်းဆင့်နဲ့ကျော်မင်းဦးက လူကိုယ်တိုင်မလာရဲတာနဲ့ ဖုန်းဆက်တယ်။

“ဟော့ကောင် စင်ရော်၊ မင်းက ထစ်ခနဲဆို ဒေါသက အရင်ပဲ၊ ညနေထိ စောင့်ကြည့်ပါဦး၊ ပွဲက မပြီးသေးဘူးကွ”

“ဟုတ်တယ် စင်ရော်၊ ငါတို့ ကြိုးကြာနဲ့တွေ့ပြီးပြီ”

“ဟင်! မင်းတို့ကောင်တွေ”



www.burmeseclassic.com

www.burmeseclassic.com



"အေး၊ မင်းက တစ်ခုခုဆို ဒေါသထွက်ဖို့ပဲ တတ်တယ်၊ ညှိနှိုင်းတိုင်ပင် ဆွေးနွေးမယ်မရှိဘူး၊ အခု ကြိုးကြာက သူ့မိဘတွေနဲ့ဆွေးနွေးညှိနှိုင်းနေပြီကွ၊ မင်းလည်း မင်းမိဘတွေနဲ့ သွားညှိလေကွာ"

"ဟာ! နှစ်ဖက်စလုံးက ငါတို့ကို သဘောမတူဘူးလို့ ဆိုပြီးမှတော့ ဘယ်လိုညှိရမှာလဲ! ပိုဆိုးမှာပေါ့"

"ဘယ်ကလာ ပိုဆိုးရမှာလဲ! ခုမှ မင်းနဲ့ကြိုးကြာ နှစ်ဖက်စလုံးက သရေပဲ"

"ဟင်၊ ဘယ်လိုသရေလဲ"

"မင်းလည်း ပြစ်ချက်နဲ့၊ ကြိုးကြာလည်း ပြစ်ချက်နဲ့မို့ပေါ့ကွ"

"ဩော်"

"အခု ကြိုးကြာကို သူ့မိဘတွေနဲ့ ဘယ်လိုညှိရမယ်ဆိုတာ ငါတို့ သင်ပေးလိုက်ပြီ၊ ကြိုးကြာက သူ့မိဘတွေကို ပြောတဲ့အတိုင်း မင်းလည်း မင်းမိဘတွေကို တစ်ထပ်တည်းပြောရုံပဲ၊ ဒါဆို ညနေလောက်ဆို ပွဲသိမ်းပဲ"

အမှတ်မရှိတဲ့အသည်းနဲ့စင်ရော်က ယုံမိပြန်ပြီ။

"ငါ့မိဘတွေကို ဘယ်လိုညှိရမှာလဲ"

"ဒီလိုကွ၊ ဒီလို၊ ဒီလို"

* * *



www.burmeseclassic.com

www.burmeseclassic.com


စင်ရော်က သူ့မိဘဆီ အရင်မသွားသေးဘဲ ကြိုးကြာဆီ အရင်ဖုန်းဆက်လိုက်တယ်။ ကြိုးကြာနဲ့တွေ့တယ်ဆိုရင်ပဲ ...

"ဟယ် ... ကိုလား၊ ကြိုးကြာလည်း ခုပဲ ကို့ဆီ ဖုန်းဆက်တော့မလို့"

ဖုန်းထဲက ကြားနေရတဲ့ကြိုးကြာအသံလေးက စာစာအစာနဲ့ ပေါ့ပါးရွှင်မြူးနေတယ်။ မနက်က ငိုကြီးချက်မတအီအီအသံနဲ့တခြားစီပဲ။ စင်ရော်က ...

"ဘာအကြောင်းထူးလဲ ကြိုးကြာလေး"

"ထူးတယ် ကိုရဲ့၊ ဖေဖေနဲ့မေမေက ပြောတယ်၊ ကို့မိဘတွေဘက်က သဘောမတူဘူးဆိုတဲ့စကား ပြန်ရုတ်သိမ်းပေးရင် သူတို့ဘက်ကလည်း ပြန်ရုတ်သိမ်းပေးမယ်တဲ့"

"ဟင်! တကယ်လား"

"တကယ်ပေါ့၊ အဲဒါ ကို့မိဘတွေကို မြန်မြန်သွားပြောလေ၊ သွား"

"ထွန်းဆင့်တို့သင်ပေးသလို ကြိုးကြာပြောတဲ့အတိုင်းပြောမှာလား"

"အင်းပေါ့၊ ဒါ အကောင်းဆုံးနဲ့အထိရောက်ဆုံးပဲဟာ"


www.burmeseclassic.com

www.burmeseclassic.com



စင်ရော်တစ်ယောက် ဂျက်လေယာဉ်ထက်မြန်တဲ့နှုန်းနဲ့ ပြေးပြီ။ သြော် ... ယူချင်ဦးဟဲ့ မိန်းမ။

ဖေဖေနဲ့မေမေကိုတွေ့တော့ ဟိုဘက်ကသဘောထားကို ပြောပြလိုက်ပါတယ်။

"အဲဒါပဲ ဖေဖေနဲ့မေမေ၊ အားလုံးပြေလည်သွားရင် ကျွန်တော်တော့ တစ်ခါတည်း မင်္ဂလာဆောင်လိုက်ချင်တယ်"

"ပြေယည်တာတွေ၊ မပြေလည်တာတွေ လာမပြောနဲ့ ဟောကောင်၊ ခွေးခေါင်းကိုက်တဲ့မိန်းကလေးနဲ့တော့ ဘယ်နည်းနဲ့မှ မပေးစားနိုင်ဘူး၊ ဒါပဲ"

"ဟုတ်တယ် သား၊ မေမေတို့မျိုးရိုးထဲမှာ ဒါမျိုးမရှိဘူး စဉ်းစားကြည့်လေ"

"ဟာဗျာ၊ ကြိုးကြာလေးလို နုနုနယ်နယ်မိန်းကလေးက ခွေးသားတောင်မစားတာ ခွေးခေါင်းရော စုတ်ပါ့မလားဗျ အမိပ္ပါယ်မရှိတာ ကျွန်တော့်ကို အရက်သမားဖဲသမားလို့ မဟုတ် မဟာပ်စွပ်စွဲတာ မေမေတို့ခံနိုင်လား"

"မခံနိုင်ဘူး"

"အဲသလိုပဲပေါ့၊ ဟိုဘက်ကလည်း သူ့သမီးကို ဒီလို မဟုတ်မဟာပ်စွပ်စွဲတာ ခံနိုင်ပါ့မလား၊ တစ်ဖက်နဲ့တစ်ဖက်ကျေပြီး ပုံမှန်ပြန်ဖြစ်သွားပြီ၊ သားသမီးတို့အခွင့်အရေးနဲ့ တစ်ချက်လွှတ် တောင်းဆိုတယ်၊ ကျွန်တော်နဲ့ ကြိုးကြာကို အမြန်ဆုံး မင်္ဂလာ ဆောင်ပေးပါ၊ ဒါပဲ"

* * *



www.burmeseclassic.com

www.burmeseclassic.com

{ ၂၉ }

မနက်မိုးမလင်းခင်ကတည်းက အိမ်အပေါ်ထပ်၊ အောက်ထပ်ရော၊ ခြံဝင်းထဲရော လူတွေ တလှုပ်လှုပ်တရွရွဖြစ်နေကြတယ်။ ဖြစ်မှာပေါ့။ ဒီနေ့ ကြိုးကြာနဲ့စင်ရော်တို့ရဲ့ မင်္ဂလာဆောင်တဲ့နေ့ပဲဟာ။

မိန်းကလေးရှင်ဖြစ်တဲ့ ကြိုးကြာတို့အိမ်မှာပဲ မင်္ဂလာဆွမ်းကျွေးပြီး လက်ထပ်ပွဲကျင်းပနေတာ။

ခုတော့လည်း နှစ်ဦးနှစ်ဖက် ခမည်းခမက်တွေ သင့်မြတ်လိုက်ကြတာ မျက်စိတောင်နောက်တယ်။

စင်ရော့်မိဘနဲ့ ဆွေတော်မျိုးတော်အပေါင်းကိုလည်း ကြိုးကြာတို့အိမ်အောက်ထပ်တစ်ထပ်လုံးပေးထားတယ်။ မင်္ဂလာပွဲပြီးတဲ့အထိတည်းခိုရအောင်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



စင်ရော့်ဖေဖေနဲ့ကြိုးကြာဖေဖေက နေ့တိုင်းလက်ဖက်ရည်ဆိုင်ထိုင်လည်း တတွဲတွဲ၊ ဟိုနားဒီနားသွားလည်း တတွဲတွဲ၊ မိခင်နှစ်ဦးကျတော့ ဈေးသွားလည်း တတွဲတွဲ၊ ရုပ်ရှင်သွားကြည့်လည်း တတွဲတွဲပဲ။ ခုလို မင်္ဂလာရက်မှာလည်း တပြုံးပြုံးပေါ့။

"ကဲ ... ပြင်ကြဆင်ကြတော့ အချိန်နီးပြီ၊ သတို့သမီးအရေးကြီးတယ်၊ ပြင်တာဆင်တာကြာမှာ၊ ကြိုးကြာရေ ... မေမေပြောတာ ကြားလား"

ကြိုးကြာအမေကြီးက အသံတစာစာနဲ့ လောဆော်နေတယ်။

"ဟဲ့ ... စုထွေး၊ မူယာ၊ မာယာ"

"ရှင်! ကြီးကြီး"

"နင်တို့လည်း ရေချိုးကြတော့"

"ဟုတ်"

ကြိုးကြာအနား ရစ်သီရစ်သီလုပ်နေတဲ့စင်ရော်လည်း အအော်ခံရမှာစိုးလို့ အောက်ထပ် ပြန်ဆင်းလာတယ်။ ကြိုးကြာနောက်ကနေ အထုတ်လေးနဲ့ဆင်းလိုက်လာပြီး ...

"ကို ... ရေချိုးတော့လေ၊ ကြိုးကြာ ချိုးပြီးပြီ၊ ခု အဲပြင်တော့မယ်"

"အင်း ... ချိုးမယ်"

"ပြီးရင် အဝတ်အစားတစ်ခါတည်းလဲပြီး မျက်နှာခရင်မ်လေးဘာလေး နည်းနည်းပါးပါးလိမ်းရအောင်၊ အပေါ်တက်ခဲ့၊ ဒီမှာ ကိုဝတ်ဖို့ အဝတ်အစား"

ကြိုးကြာက သူ့လက်ထဲက အထုတ်ကိုဖြည်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com


ဝတ်ဖို့ပုဆိုးနဲ့အကျီကို ခုတင်ပေါ် တင်ထားခဲ့လိုက်တယ်။ ပြီးမှ အပေါ်ပြန်တက်သွားတာ။

စင်ရော်က ရေချိုးမယ်ပြောပြီး စောနေသေးတာနဲ့ ကျော်မင်းဦးတို့အလှဆင်နေတဲ့ ဧည့်ခန်းထွက်သွားရော။

"ဘယ်လိုလဲ သတို့သားကြီးရဲ့၊ ဟိုယောင်ယောင် ဒီယောင်ယောင်လုပ်မနေဘဲ ဒီမှာ ပူပေါင်းလေးဘာလေး ဝိုင်းမှုတ်ပေးပါလား"

"ဟော့အေး ထွန်းဆင့်၊ အားကုန်မှာစိုးတယ်"

ထွန်းဆင့်က အသံတိတ်လှမ်းဆဲတယ်။ ကျော်မင်းဦးက

"စကားကို ပြင်ပြောစမ်း စင်ရော်၊ ဒီမင်္ဂလာပွဲက ငါတို့ကြောင့်အမြန်ဆုံးဖြစ်လာရတာပါကွ၊ ဒါကို မင်းလက်ခံတယ် မဟုတ်လား"

"အေး၊ ဒီတစ်ခါတော့ မင်းတို့နှစ်ယောက် သုံးစားလို့ရသွားပြီ၊ ဒါပေမယ့် ကြိုးကြာလေးခများ ခွေးခေါင်းစုတ်တဲ့ဘဝ ရောက်ရရှာတယ်၊ ငါ့အမေက ငါးခေါင်းစုတ်တာ ခွင့်လွှတ်ပေမယ့် ခွေးခေါင်းစုတ်တာတော့ ခွင့်မလွှတ်ဘူးဆိုလို့ မနည်းပြောယူရတာ"

"ဘာပဲဖြစ်ဖြစ် ခု အိုကေသွားတာပဲလေ"

"တစ်သက်လုံးပေါင်းလာတဲ့ မင်းတို့နှစ်ယောက် ဒီတစ်ခါတော့ တော်သွားပြီ၊ ဒါကြောင့် မင်းတို့နှစ်ယောက်သေသင့်ပြီ၊ သွားသေလိုက်ကြတော့"

"ကျေးဇူးရှင်တွေကို ဒီလိုပြောတာ မင်းတော့ ကံကြီးထိုက်ဦးမယ် စင်ရော်"


www.burmeseclassic.com

www.burmeseclassic.com



"အပာတ် ... မင်းတို့ကောင်တွေလို သီလမရှိ၊ သမာဓိမရှိ တဲ့ကောင်တွေကို စော်ကားလည်း ဘာဖြစ်မှာလဲ! ဟွင်း ဟွင်း ဟွင်း ဟွင်း"

စင်ရော်က အူမြူးပြီး မခံချင်အောင် စနေတာ။ အဲဒီ အချိန် စင်ရော်ဖခင်က ရေချိုးနေတယ်။ ရေချိုးရင်းကနေ မိခင် ဖြစ်သူကို လှမ်းအော်မေးတာက ...

"မအေကြီးရေ ... ငါ့ဝတ်ဖို့အဝတ်က ဘယ်မှာလဲ"

"အဲဒီအပေါ်မှာလေ၊ ပုဆိုးရော၊ တိုက်ပုံနဲ့အင်္ကျီရော"

* * *



www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

"ကြိုးကြာ"

"ဟင်! ကိုက ခုထိ အဝတ်မလဲရသေးဘူးလား၊ ဒီမှာ ကြိုးကြာတောင် အားလုံးပြီးပြီ"

"ဟို ... ကိုဝတ်ဖို့အဝတ်က ဘယ်မှာလဲ"

"ဟော့တော်၊ ကိုကတော့လုပ်ပြီ၊ ခုနကပဲ ခုတင်ပေါ်တင် ထားပေးခဲ့တယ်လေ"

"မရှိပါဘူး"

"အို ... မဟုတ်တာ"

သတို့သမီးခများ ခြုံထားတဲ့ပဝါကြီး တလွှားလွှားနဲ့ ဝတ်စုံ ရှာဖို့ဆင်းလာတယ်။

"ဟယ် ... ဒီပေါ်မှာ သေချာတင်ထားခဲ့တာပါ"

ဟိုလူ့မေး၊ ဒီလူ့မေး လိုက်မေးပေမယ့် ဘယ်သူမှမသိဘူး ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာချိန်က တဖြည်းဖြည်းနီးလာပြီ။ သတို့သားခမျာ အဝတ်အစားတွေပျောက်နေလို့ မဝတ်ရသေးဘူး။

"ဟော့ကောင်တွေ၊ မင်းတို့ဝှက်ထားတာမဟုတ်လား၊ မြန်မြန်ပြန်ပေးကွာ၊ ဒီမှာ အချိန်မရှိတော့ဘူး"

စင်ရော်က ထွန်းဆင့်နဲ့ကျော်မင်းဦးကို မဲတယ်။

"ဟာ! ငါတို့တွေ ဧည့်ခန်းမှာပဲရှိနေတာ မင်းမြင်သားပဲ စင်ရော်ရ"

"အေးလေ၊ ငါတို့ကိုများ အိုးစွက်ခွက်စွက်မစား"

ဟုတ်တယ်။ ဒီကောင်တွေ မဖြစ်နိုင်ဘူး။ ဒါဆို ခုတင်ပေါ်က အဝတ်တွေ ခြေထောက်ပေါက်ပြီး ဘယ်ရောက်သွားပြီလဲ။

"ဟူး"

"ဒုက္ခပါပဲ"

သတို့သားနဲ့သတို့သမီး ချွေးပျံနေပြီ။ မိခင်ဖြစ်သူနှစ်ဦးက ဟိုနေရာ ဒီနေရာ စီမံခန့်ခွဲနေရာမှ ရောက်လာပြီး ပျာယာပျာယာဖြစ်ကုန်တယ်။ ကြိုးကြာမိခင်က ...

"နင်တို့နဲ့တော့ ခက်ပါတယ်"

"နေပါဦး၊ သမီးက အဝတ်တွေကို ဘယ်ပေါ်မှာတင်ထားတာလဲ"

ဒီစကားကို စင်ရော့်မိခင်က ဝင်မေးတာ။

"အဲဒီခုတင်ပေါ်မှာတင်ထားခဲ့တာ အမေရဲ့"

"ဟင်! ဒါဆို"

"ဘာလဲ အမေ"

"လုပ်ပြီ၊ ဟိုအဘိုးကြီးကတော့ လုပ်ချလိုက်ပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်ပုံက ဒီလို။

စင်ရော်ဖခင်က သူဝတ်ဖို့အဝတ်ကို မိခင်ဖြစ်သူကို ရေချိုးခန်းထဲကနေ လှမ်းမေးတယ်။

မိခင်ဖြစ်သူက အဲဒီပေါ်မှာလေဆိုတာကို ရေချိုးခန်းထဲက ထွက်လာတဲ့ ဖခင်ဖြစ်သူက ခုတင်ပေါ်တင်ထားတဲ့ သတိုးသားအဝတ် တွေ့တာနဲ့ယူဝတ်လိုက်တာပဲ။

ပြီးတော့ ညှော်သည်ပိပိ ဘာမှလုပ်စရာမရှိတာနဲ့ ရပ်ကွက်လျှောက်ပတ်နေတယ်။

အချိန်တန်လို့ ရေချိုးပြီး အဝတ်အစားလဲမယ့် စင်ရော့ခမျာ ဝတ်ရမယ့်အဝတ် မတွေ့တာနဲ့ ကြိုးကြာဆီပြေးပြီးပြောရတာပေါ့။

ဒီတော့မှ စင်ရော့ဖခင်ကို လူစုခွဲပြီး လိုက်ရှာကြတယ်။ ရှာလိုက်ရတာမှ ဖတ်ဖတ်ကိုမောနေတာပဲ။ သတို့သမီးခမျာလည်း ဝတ်စုံကြီးတဖားဖားနဲ့ လိုက်ရှာရတာ၊ ခုတော့ တွေ့ခဲ့ပါပြီ။ ခေါ်လာပါပြီ။

"တော်ကတော့လေ၊ ပြောမပြောချင်ဘူး၊ တကယ်ပဲ"

"ဟုတ်ပါ့ဗျာ၊ အဖေတို့က လုပ်ပြီ"

"ဟာ! ဘယ်သိမလဲကွ၊ ဟိုပေါ်မှာဆိုတော့ ဟိုပေါ်ကပဲ ယူဝတ်လိုက်တာပေါ့"

"အဖေ၊ မြန်မြန်ချွတ်ပါ"

ကြိုးကြာက စိတ်ပူပြီး လှမ်းပြောတယ်။ စင်ရော်ကတော့ စိတ်ပျက်နေပြီ။ ဟုတ်တယ်လေ။ ဖခင်ဖြစ်သူက အဲဒီအကျီ ဝတ်ပြီး တစ်မနက်လုံးလျှောက်သွားနေတာ အကျီက ချွေးစေ့


www.burmeseclassic.com

www.burmeseclassic.com


ရွှဲနေရောပေါ့။ အဆိုးဆုံးကတော့ တပြက်ပြက်နဲ့ထွေးထားတဲ့ ကွမ်းတံတွေးရဲ့ ဒဏ်ရာဒဏ်ချက်တွေပဲ။ အကျီရင်ဘတ်မှာ အနီစက်တွေ ဗရပွနဲ့ ဆိုပါတော့။

"ကျွတ်"

စင်ရော့်အဖြစ်ကိုကြည့်ပြီး ထွန်းဆင့်နဲ့ကျော်မင်းဦးက ဝမ်းသာတယ်ဆိုတဲ့ပုံစံမျိုးနဲ့မချိုမချဉ်လုပ်နေကြတယ်။ ကျန်တဲ့လူတွေက သတို့သားဝတ်စုံနဲ့အဘိုးကြီးကို ကြည့်ပြီး ခိုးခိုးခစ်ခစ် ရယ်နေကြတာပေါ့။ တတ်နိုင်ပါဘူး။ ဒါပဲ ဝတ်ရုံပေါ့။

"ကြိုးကြာလေး"

"ဟင်"

"ကိုတို့တွေ စေ့စပ်တာရော၊ မင်္ဂလာပွဲရော တကယ့်ကို ကပေါက်တိကပေါက်ချာပဲနော်"

"ဟွန့် ... သွား၊ ကို့ရဲ့ဗလာမပါချစ်ကံစမ်းမဲနှိုက်မိတာ ကိုက ကြိုးကြာ မှားတာပဲ"

"မမှားပါနဲ့ ကြိုးကြာလေးရယ်၊ နောက်ထပ် အပိုဆုလေးတွေပါ ထပ်ပေးဦးမှာ သိလား"

"ကိုနော် ... ဟင်း"

မင်္ဂလာအချိန်ကျရောက်လာလို့ မင်္ဂလာပွဲလေး ရွှက်ဖွင့်လိုက်ပါပြီ။

မေတ္တာများစွာဖြင့်
ထူးမြတ်ကြွယ်


www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

## ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ


၁။ ထိချက်ပြင်းတဲ့မြား
၂။ ပန်းနားလည်တဲ့လိပ်ပြာတေး
၃။ ပန်းပွင့်လမင်း (Power King) ဗွီဒီယို
၄။ ဆွဲလက် (Power King) ဗွီဒီယို
၅။ အလင်းသစ်နဲ့ ကောင်းကင်နှစ်
၆။ အချစ်ကယ် (Power King) ဗွီဒီယို
၇။ ရင်ခုန်ထူးခြား (Power King) ဗွီဒီယို
၈။ မမိမကမ်းနဲ့ မလွမ်းချင်ဘူး
၉။ ဖွ ... ဟဲ့
၁၀။ နှလုံးသားချင်းဆိုင်
၁၁။ ကြောင်ခြစ်တဲ့ဖူးစာ
၁၂။ နှင်နဲ့ငါ (Power King) ဗွီဒီယို
၁၃။ ကံ
၁၄။ ဟုတ်
၁၅။ အချစ်ရှာ
၁၆။ အလင်းရောင်ရဲ့ကျွန်း


ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com